ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့၊ (8-9-2005)(၄၇၁၂)

ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို ဗန်းပြပြီး ကောလာဟလများ၊ မမှန်သတင်းများ လုပ်ကြံဖန်တီး ထုတ်လွှင့်ခြင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးကို လာထိပါးသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းများ ပြုလုပ်နေသည်ဖြစ်ရာ ပြည်သူ့စွမ်းအားဖြင့်ပင် ကာကွယ်တားဆီးတိုက်ဖျက်။

ရန်ကုန် စက်တင်ဘာ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းဆင်း အမှာစကား ပြောကြားရာ၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၉-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေး တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်း တိုးတက်ပြောင်းလဲလာလျက်ရှိရာ နိုင်ငံတိုင်းက ပညာတတ်နိုင်ငံသားများ မွေးထုတ်နိုင်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားရေး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်လျက်ရှိကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် အခမ်းအနားများကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနည်းတူ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသကဲ့သို့ စာတတ်မြောက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လှုပ်ရှားမှုများကို ပုဂံခေတ်ကာလကပင် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများကစတင်ကာ အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ သင်ကြားပေးခဲ့ရာ စာပေလေ့လာသင်ယူမှုများ၊ စာပေလေ့လာဖတ်ရှု ဗဟုသုတဖလှယ်သည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းလာခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးနှင့် အချိန်အခါ အသက်အရွယ်နှင့် ပညာအဆင့် အတန်းမရွေး ပညာသင်ယူလေ့လာနိုင်သည့်အခွင့်အလမ်း ကောင်းများကို ဖန်တီးဖော်ဆောင်ပေးလျက်ရှိပေသည်။

ပညာရေးဝန်ကြီးဌာနက **လူတိုင်းအတွက်ပညာရေး** ရည်မှန်းချက်များကို အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းနှင့် ချိတ်ဆက်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေး၊ စာတတ်မြောက်ရေးအတွက် စီမံချက်ချမှတ်၍ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနနှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိဘပြည်သူတစ်ရပ်လုံး၏ ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုဖြင့် မူလတန်းအဆင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းဝင်နှုန်းမှာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများလည်း ပါဝင်သည်။ ပြည်နယ်၊ တိုင်းအသီးသီးနှင့် နယ်စပ်ဒေသများပါမကျန် သက်ကြီးစာတတ်မြောက်ရေး "အ"သုံးလုံး သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ နိုင်ငံသားတိုင်း အသက်အရွယ်မရွေး သင်ယူနိုင်ကြပြီဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၉၄ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ စာတတ်မြောက်မှု မြင့်မားသော "က" အုပ်စုဝင်နိုင်ငံများတွင် ပါဝင်လျက်ရှိသည်။

လူတိုင်းလူတိုင်း စာတတ်မြောက်လာခြင်းသည် အမှန်နှင့်အမှား၊ အကျိုးနှင့်အပြစ်တို့ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းလာရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက စီမံဖြည့်ဆည်းပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများတွင် အရှိန်အဟုန်ရရှိနေပြီဖြစ်သည့် အောင်မြင်တိုးတက်မှု အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့်အတူ စေတနာရှင် ပြည်သူများကလည်း တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်၍ ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ယမန်နေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ရေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းတစ်လျှောက် ကတ္တရာလမ်းသား ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် ခနစ်ပင်လိမ်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်တို့သည် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းတစ်လျှောက် ကတ္တရာလမ်းသား ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ရန်ကင်းမြို့နယ် သစ္စာလမ်းဖြတ် အချင်း ၅၆ လက်မရှိ ဂျိုးဖြူသံမဏိရေပို့ပိုက်မကြီး တစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေးအတွက် မြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း လမ်းဆုံရှိ ပြည်လမ်းနှင့် လမ်းသစ်လမ်း လမ်းဆုံမှ လမ်းသစ်လမ်းတစ်လျှောက်လမ်းသား ကတ္တရာပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေးရေနုတ်မြောင်းတူးဖော်ဆယ်ယူ ရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် တာဝန်ရှိသူများက အမှိုက်များ သိမ်းဆည်းစွန့်ပစ်ရမည့် စနစ်များနှင့် စည်းကမ်းများကို သတ်မှတ်ပေးထားပြီးဖြစ်ရာ ပြည်သူများကလည်း သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ သိမ်းဆည်းစွန့်ပစ်ကြရန်နှင့် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပပြီး ရေစီးရေလာကောင်းမွန်စေရန်အတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် စက်မှု(၁)လမ်း ခနစ်ပင်လိမ်ချောင်းတစ်လျှောက် အမှိုက်၊ ရွှံ့နှင့် နုန်းများဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဆွမ်းဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ နာယကချုပ် ဆရာတော်အမှူးပြုသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်နှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ် သန်းထွန်းနှင့် ဗိုလ်မှူးကြီးတင်ငွေ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများနှင့် မိသားစုများ တက်ရောက် ကြည်ညိုကြသည်။

ရေးဦးစွာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်၊ ဇနီး ဒေါ်ကျင်ခိုင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိ သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် ၃၄၉၂၅၀ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ပေးအပ်လှူဒါန်းရာ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လက်ခံရယူသည်။

ထို့နောက်လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကဆရာတော်သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်ရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်ကြီးအတွက် အင်းစိန်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မှ ဦးကျော်ဝင်း-ဒေါ်တင်လှိုင်မိသားစုက အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထောက်ပံ့ငွေပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များအတွက် ထောက်ပံ့ငွေများကိုပေးအပ်စဉ်။ (သတင်းစဉ်)

❐ **ရှမ်းပြည်နယ်မှ**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်း၊ အောင်ပန်းတပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းထိုက်နှင့် တပ်မတော်အရာရှိကြီးများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့အဝင် ဟဲဟိုး-ရွှေညောင်လမ်းအပိုင်းပေါ်ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ ကားလမ်း တိုးချဲ့တည်ဆောက်ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ရွှေညောင်-ရပ်စောက်ကားလမ်းပေါ်ရှိ ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာလမ်းခွဲမှ ပင်ဖြစ်ကျေးရွာနှင့် ဆတ်သေကျေးရွာတို့ဆက်သွယ်ထားသည့် လမ်းပိုင်းအခြေအနေကိုလည်းကောင်း၊ လမ်းဘေးဝဲ/ယာရှိ အစေ့ထုတ်ပြောင်းနှင့်သီးညှပ်အဖြစ် ပဲစင်းငုံ၊ မတ်ပဲ၊ နေကြာနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်စစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီခွဲတွင် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ဆတ်သေကျေးရွာသို့ ရောက်ရှိကြသည်။

ဝါယမစိုက်ထုတ်

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ဆတ်သေကျေးရွာမှ ရပ်မိရပ်ဖ ဦးကီးနှင့်အဖွဲ့ဝင်များက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဆတ်သေဒေသသည် စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကိုတွေ့ရှိရသဖြင့် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ဒေသအတွင်း ဆက်သွယ်ရေးလမ်းများ အဆင်ပြေ ချောမွေ့ကောင်းမွန်ရေးအတွက်လည်း ဒေသခံတိုင်းရင်းသား ပြည်သူများက တာဝန်ရှိသူများနှင့်အတူ လက်တွဲပြီး ဝါယမစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့သည် အပြန်အလှန် ဒွန်တွဲလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီး ဒေသထွက်ကုန်များရောင်းဝယ်ဖောက်ကားမှု၊ ကုန်စည်စီးဆင်းမှုသည်လည်း သွက်လက်မြန်ဆန်လာကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝလည်း တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

အောင်မြင်တိုးတက်လာမည်

ထိုမှတစ်ဆင့် နယ်မြေအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ကာ ခေတ်မီနည်းစနစ်များဖြင့် စီးပွားဖြစ် စိုက်ပျိုးသွားနိုင်ကြရေးအတွက် ရပ်မိရပ်ဖများက သက်ဆိုင်ရာတို့၏ ကြီးကြပ်မှုခံယူပြီး စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ဆတ်သေ-မြေမဲ-မိုင်းပျဉ်းကျေးရွာ လမ်းတစ်လျှောက် ဆတ်သေဒေသရှိ ပအိုဝ်းတိုင်းရင်းသားဒေသခံတောင်သူများ၏ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိသည့် အစေ့ထုတ်ပြောင်းနှင့် သီးညှပ်အဖြစ် ပဲစင်းငုံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့ကိုလည်းကောင်း၊ လမ်းပိုင်းအခြေအနေကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆတ်သေဒေသအတွင်း ပအိုဝ်း တိုင်းရင်းသားတောင်သူများက တစ်အိမ်ထောင်လျှင် ပျမ်းမျှ ခုနစ်ဧကနှုန်းဖြင့် အစေ့ထုတ်ပြောင်း ဧက ၅၂၅၀၊ သီးညှပ်ပဲစင်းငုံ ဧက ၁၇၀၀တို့ကို တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားလျက်ရှိပြီး ခြံစည်းရိုးအဖြစ် ကြက်ဆူပင်များကို ဖြည့်စွက်စိုက်ပျိုးထားရှိလျက်ရှိသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးစန်းယုက ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာမှ သဘာဝတံတားအထိ အရှည် ၈၆မိုင်ရှိ မြေသားလမ်းများ စတင်ဖောက်လျက်ရှိကြောင်း၊ အဆိုပါလမ်း ပြီးစီးပါက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအထိ ဆက်သွယ်မိသွားမည်ဖြစ်ကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ကို ဆက်သွယ်သည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းများကို ဖောက်လုပ်လျက်ရှိရာ ယခုအခါ တောင်ကြီး-ဗထူး-အင်တော-ကျောက်ဂူ-တာဖက်လျှန်-နောင်ချိုလမ်းနှင့် လွိုင်လင်-လဲချား-မိုင်းကိုင်-ပန်ကေတု-တုံလော-နမ့်လန်-သီပေါလမ်းများကို ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-သဘာဝတံတား-နမ့်လန်-သီပေါလမ်းပိုင်းကို စတင် ဖောက်လုပ်နေပြီ ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မြင့်မားတိုးတက်

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နိုင်ငံတော် အစိုးရက လမ်းများကို နေ့မအား ညမနား ကွန်ရက်သဖွယ် လက်ယုက်ထိုး တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်ပြီး လူမှုစီးပွားရေးဘဝလည်း မြင့်မား တိုးတက်လာပြီဖြစ်ကြောင်း၊ နယ်မြေအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အဓိက အထောက်အကူ ပြုလျက်ရှိသဖြင့် ဖောက်လုပ်ပြီးလမ်းများ မပျက်စီးစေရန်နှင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။

ထို့ပြင် ရွှေညောင်-ပင်ဖြစ်- ရပ်စောက်လမ်းပိုင်းပေါ်ရှိ ပင်ဖြစ်ကျေးရွာမှ မိုင်းပျဉ်းကျေးရွာအထိ လမ်းပိုင်းနှင့် ဟိုပုံး-မိုင်းပျဉ်းလမ်းပိုင်းတို့ကို နွေ၊မိုး၊ဆောင်း ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြင့် ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် လယ်ယာစီးပွားကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန် စိုက်ပျိုးမြေများ ဆက်လက်ဖော်ထုတ်သွားရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့ကို ဆက်သွယ်မည့် ယခုဖောက်လုပ်ဆဲဖြစ်သည့်ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-နမ့်လန်-သီပေါလမ်းသည် အရှည် ၁၁၁ မိုင်ရှိမည်ဖြစ်ပြီး ဟိုပုံးမှ မိုင်းပျဉ်းအထိ ၂၅မိုင်မှာ မူလလမ်းဟောင်း ကျောက်ကြမ်းလမ်းဖြစ်သည်။ ယခုအခါ မိုင်းပျဉ်းမှ သဘာဝတံတားအထိ အရှည် ၈၆မိုင်ရှိသည့်အနက် ကိုးမိုင် သုံးဖာလုံခန့်အား မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လမ်းဖောက်လုပ်ပြီးစီးသွားပါက ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းဒေသအပါအဝင် ရပ်စောက်မြို့နယ်၊ ဟိုပုံးမြို့နယ်တို့ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝများသည် ဖွံ့ဖြိုးတိုးတက်လာကာ ဒေသထွက်ကုန် စိုက်ပျိုးရေးသီးနှံများကို အလွယ်တကူတင်ပို့ ရောင်းချနိုင်တော့မည်ဖြစ်သကဲ့သို့ ဒေသ၏ ပညာရေး၊ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် လျှပ်စစ်မီးစက်တို့ကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းပျဉ်းကျေးရွာမှ မိုင်တိုင်(၃၄/၃)အထိ လမ်းမိုင် အရှည် ကိုးမိုင် သုံးဖာလုံ တစ်ကြောင်းထိုး မြေသားလမ်းဖောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လမ်းဖောက်လုပ်ရာတွင် အတတ်နိုင်ဆုံး မြေပြန့်ဒေသများကို ရွေးကာ ဖြောင့်တန်းစွာဖောက်လုပ်သွားရေး၊ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မိုင်းပျဉ်းကျေးရွာမှ မိုင်းပျဉ်း-မြေမဲ-ဆတ်သေ-ပင်ဖြစ် ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့ကြပြီး ညပိုင်းတွင် ရပ်စောက်မြို့ ဗထူးတပ်နယ်ရိပ်သာသို့ ရောက်ရှိကြရာ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိများနှင့် မိသားစုများက ကြိုဆို ကြပြီး ဗထူးတပ်မြို့တွင် ညအိပ်ရပ်နားသည်။ (သတင်းစဉ်)



ဟိုပုံး-မိုင်းပျဉ်း-ကျိုင်းခမ်း-နောင်ဝိုး-နမ့်လန်-သီပေါဒေသ ဖွံ့ဖြိုးရေး လမ်းမြေပုံ။ (သတင်းစဉ်)

ကုသိနာရုံနှစ်ထပ်ကျောင်း ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၇

မြတ်ဗုဒ္ဓ၏ သံဝေဇနိယ လေးဌာနတွင် အပါအဝင်ဖြစ်သည့် အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ကုသိနာရုံရှိ ကုသိနာရုံ-မြန်မာကျောင်းဝင်း အတွင်းတွင် ဉာဏာဝါသနှစ်ထပ်အုတ်တိုက်ကျောင်းတော်ကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်း ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယ မဟာထေရ်နှင့် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကုသိနာရုံ-မြန်မာကျောင်း ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရနှင့် သံဃာတော်များ သာသနာပြု ကြွရောက်ခိုက် သီတင်းသုံးတော်မူနိုင်စေရန် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်-၈၆(က)၊ အာဇာနည်လမ်းနေ ဒေါက်တာဦးအောင်ဝင်း - ဒေါ်ဥဥအောင်၊ ဦးကျော်မြင့် - ဒေါ်ခင်အေးထွန်း မိသားစုတို့ ဆောက်လုပ်လှူဒါန်းပြီးဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ကုသိနာရုံ-မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ သက်တော် (၆၉)နှစ်ပြည့်မွေးနေ့ဖြစ်သော နိုဝင်ဘာ ၁၄ ရက်တွင် ကုသိနာရုံ-မြန်မာကျောင်းတော်ကြီး၌ ရေစက်သွန်းချမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေများအား အသိပေးနှိုးဆော်ထားသည်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၇-၉-၂၀၀၅)

မြင်းခြံ
၁ ဒသမ ၅၄ လက်မ

ရန်ကုန်(ကမ္ဘာအေး)
၁ ဒသမ ၁၉ လက်မ

လှိုင်ကော်၊ နမ့်စမ်၊ ရန်ကုန်(မင်္ဂလာဒုံ)နှင့် မှော်ဘီမြို့(စိုက်ပျိုးရေး)
၁ ဒသမ ၀၂ လက်မစီ

ပျဉ်းမနား
၀ ဒသမ ၆၃ လက်မ

ကန့်ဘလူ
၀ ဒသမ၅၅ လက်မ

ချောက်မြို့နှင့် ရမည်းသင်း
၀ ဒသမ ၂၈ လက်မ

ကုလသမဂ္ဂညီလာခံတွင် ဆွေးနွေးမည့် ထောင်စုနှစ် ရည်မှန်းချက်များ အမေရိကန်လက်ခံသင့်ဟု ကိုဖီအာနန်ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၆

အမေရိကန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံများက သဘောတူညီထားခဲ့သော ထောင်စုနှစ် ရည်မှန်းချက်များဆိုင်ရာကိစ္စကို ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထည့်သွင်းမည့်အရေးကို တားဆီးနေသည့်လုပ်ရပ်မှာ အောင်မြင်နိုင်မည်မဟုတ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်က ကြိုတင်ဟောကိန်းထုတ်လိုက်သည်။

လာမည့်သီတင်းပတ်တွင် ကမ္ဘာ့ခေါင်းဆောင် အများအပြားသည် ကမ္ဘာ့နိုင်ငံအများ၏ အရေးအရာ ကိစ္စများနှင့်ပတ်သက်၍ ကုလသမဂ္ဂဌာနချုပ်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် ၂၀၀၀ ပြည့်နှစ် ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး၊ အခြေခံပညာ လူတိုင်းသင်ယူခွင့်ရရှိရေး၊ ခုခံအားကျ အိတ်ဒ်စ်ရောဂါ တိုက်ဖျက်ရေးစသော ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန် ရည်မှန်းချက်များ ချမှတ်ခဲ့ကြသည်။ ထိုဆုံးဖြတ်ချက်များကို မည်သည့်အတိုင်းအတာအထိ မည်သည့်နေ့ရက်တွင်အပြီးလုပ်ဆောင်မည်ဟုသတ်သတ်မှတ်မှတ် သဘောတူပြဋ္ဌာန်းထားခဲ့ကြသည်။

ဆွေးနွေး

ယခုအခါ အထက်ဖော်ပြပါ ကိစ္စရပ်များ၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စများ၊ ကုလသမဂ္ဂပြင်ဆင်ဖွဲ့စည်းရေး ကိစ္စများနှင့် ကမ္ဘာ့လုံခြုံရေးကိစ္စများကို ဖြေရှင်းနိုင်ရန် အားလုံးလက်ခံနိုင်မည့် သဘောတူညီချက်တစ်ရပ်ရရှိရန် ကမ္ဘာ့နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ သံတမန်များသည် အပြင်းအထန်ဆွေးနွေးလျက်ရှိကြသည်။ ၎င်းတို့သည် ထိုကိစ္စများနှင့်ပတ်သက်သော သဘောတူညီချက်တစ်ရပ်ကို လာမည့်စက်တင်ဘာ ၁၄ ရက်မှ ၁၆ရက်အထိ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေး၌ တင်ပြကြရမည်ဖြစ်သည်။

အစားထိုး

အမေရိကန်နိုင်ငံက ထောင်စုနှစ်ရည်မှန်းချက်ဆိုင်ရာ သဘောတူညီချက်ကို ပယ်ဖျက်၍ ၎င်းတို့ လိုလားသော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး ရည်မှန်းချက်ဆိုသော အစီအစဉ်ဖြင့် အစားထိုးလိုသည်။ ထိုသို့အစားထိုးနိုင်ရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံတမန် ဂျွန်ဘော်လ်တန်က ကြိုးပမ်းနေသည်။

ထောင်စုနှစ်ဆိုင်ရာ ရည်မှန်းချက် ကုလသမဂ္ဂဆုံးဖြတ်ချက်တွင် ပါဝင်ရေးကိစ္စမှာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် သက်ဆိုင်သောကိစ္စဖြစ်သည်။ သို့ဖြစ်၍ ထိုကိစ္စကို ဖယ်ထုတ်ပစ်ရန် ကြိုးစားသူမည်သူမဆို အောင်မြင်မှု ရမည်မဟုတ်ဟု ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ အတွင်းရေးမှူးချုပ်ကိုဖီအာနန်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထောင်စုနှစ်ဆိုင်ရာ ရည်မှန်းချက်များကိစ္စကို ဥရောပသမဂ္ဂကပင် သဘောတူ လက်ခံထားသော်လည်း အမေရိကန်က မလိုလားဘဲ ဖြစ်နေခဲ့သည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်သည့် သဘောထားအပိုင်းတွင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၁ နိုင်ငံအနက် အများစုမှာ အမေရိကန်၏ သဘောထားကို လက်မခံကြဟု အာနန်က ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရာဝါးမြို့တွင် ကန်တပ်ဖွဲ့ဝင်များက အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းနေသည်ကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့၌ ကျရောက်ခဲ့သော ကက်ထရီနာမုန်တိုင်းဒဏ်ခံရသည့် ဒုက္ခသည်များအား အားကစားရုံကြီးအတွင်း၌ စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာကုန်စည်ပြပွဲ ယူဂန္ဓာတွင် ကျင်းပမည် ဒေသဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးတည်

ကမ်ပါလာ စက်တင်ဘာ ၆

ယူဂန္ဓာနိုင်ငံတွင် (၁၃) ကြိမ်မြောက် နိုင်ငံတကာကုန်စည်ပြပွဲ ကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ် နိုင်ငံတကာ ကုန်စည်ပြပွဲကို ကမ်ပါလာမြို့ရှိ လူဂိုဂိုယူအမ်အေ အားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း ယူဂန္ဓာကုန်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဂျက်ကီအွန်ယန်ဂိုက ဆင်ဟွာသတင်းဌာနကို တနင်္လာနေ့တွင် ပြောကြားသည်။

ကုမ္ပဏီ အများအပြားအနေဖြင့် ယင်းတို့၏ ထုတ်ကုန်ပစ္စည်းများ ပြပွဲတွင် ပြသလိုပြီး လုပ်ငန်းအဆက်အသွယ်ရယူလိုကြကြောင်း ၎င်းက ပြောကြားသည်။

ယခုနှစ်ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၄၀နီးပါးမှ ကုမ္ပဏီ ၆၅၀ ကျော် ပါဝင်ပြသမည်ဟု မျှော်မှန်းထားသည်။ ယမန်နှစ်က နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကုမ္ပဏီ ၆၀၀ ကျော် ပါဝင်ခဲ့ကြသည်။

ယခုနှစ် ကုန်စည်ပြပွဲကို အောက်တိုဘာ ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကုန်စည်ပြပွဲ၏ ဦးတည်ချက်မှာ ဒေသဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဖြစ်ကြောင်း အွန်ယန်ဂိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်ရေငုပ်သင်္ဘော တူရကီကုန်သင်္ဘောနှင့် တိုက်မိ

မာနာမာ စက်တင်ဘာ ၆

ဘာရိန်း ပင်လယ်အော်တွင်းအတွင် အမေရိကန်ရေတပ် ရေငုပ်သင်္ဘောတစ်စင်းနှင့် တူရကီကုန်တင်သင်္ဘောတစ်စင်းတို့ ယမန်နေ့က တိုက်မိခဲ့ကြသော်လည်း ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း ရေတပ်ဖွဲ့ဆိုင်ရာ သတင်းများကဆိုသည်။

ဂါလ်ဖ်အာရပ်ကျွန်းမှ အရှေ့မြောက်ဘက် ရေမိုင် ၃၀ အကွာတွင် အမေရိကန်ရေတပ်ဖွဲ့ အမှတ် (၅) အောက်ရှိ ဖီလာဒဲလ်ဖီးယားရေငုပ်သင်္ဘောနှင့် တူရကီကုန်သင်္ဘော အမ်/ဗီရာဆိုအေဆန်တို့ တိုက်မိခြင်း ဖြစ်ကြောင်း ရေတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုရေငုပ်သင်္ဘောမှာ ခရီးစဉ်အရ ဘာရိန်းနိုင်ငံ ဆိပ်ကမ်းသို့သွားနေစဉ် တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ ရေငုပ်သင်္ဘောမှာ အခင်းဖြစ်ပွားမှုကြောင့် ထိခိုက်မှုမရှိဟု ထုတ်ပြန်ချက်တွင် ရေးသားထားသော်လည်း ကုန်သင်္ဘောအခြေအနေကို ဖော်ပြထားခြင်းမရှိဟု ဆိုသည်။ ဘာရိန်းနိုင်ငံဆိပ်ကမ်းသည် အမေရိကန် အမှတ်(၅) ရေတပ်ဖွဲ့၏ ဌာနချုပ်စခန်းတည်ရှိရာ ဆိပ်ကမ်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီအရှေ့တောင်ပိုင်းတွင် ဘိန်းဖြူ ၁၀၃ ကီလိုဖမ်းမိ

အန်ကာရာ စက်တင်ဘာ ၆

တူရကီနိုင်ငံက ဒီရာဘာကာမြို့အရှေ့တောင်ဘက်တွင် ၁၀၃ ကီလိုရှိ ဘိန်းဖြူကို တူရကီရဲများက ဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီရာ သတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြခဲ့သည်။ သတင်းပေးချက်အရ အနံ့ခံခွေးကို သုံး၍ အဝေးပြေးလမ်းပေါ်တွင် မီနီဘတ်စ်ယာဉ်တစ်စီးပေါ်မှ အဆိုပါ မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းယာဉ်မောင်းကိုလည်း ထိန်းသိမ်းထားကြောင်း သတင်းတွင် ဖော်ပြထားသည်။ ထိုဖမ်းဆီးရမိသော မူးယစ်ဆေးဝါး၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်းပေါင်း များစွာတန်ဖိုးရှိသည်။

ပထမအကြိမ်

ထိုကဲ့သို့ ပမာဏများသော ဘိန်းဖြူကို အဆိုပါဒေသတွင် ဖမ်းဆီးရမိခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့ အကြီးအကဲ ဇီကီကာတောကာရာ၏ ပြောကြားချက်ကို ကိုးကား၍ အနာတိုလီရာ သတင်းစာက ရေးသားခဲ့သည်။ ပြီးခဲ့သော နှစ်လအတွင်းက စုစုပေါင်း ၂၂၂ ကီလိုရှိ ဘိန်းဖြူကိုဖမ်းမိခဲ့ကြောင်း၊ လွန်ခဲ့သောရှစ်လအတွင်းမှာပင် ဆေးခြောက် ၃၄၂ ကီလိုသာ ဖမ်းမိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သိမ်းဆည်း

ပြီးခဲ့သောလက ဘိန်းဖြူ ၂၆၅ ကီလိုကို ရဲတပ်ဖွဲ့က တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ အစ္စတန်ဘူလ်မြို့မှ သိမ်းဆည်းရမိသည်။

အချက်အချာ

တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းမှ ဘိန်းကို အနောက်ဥရောပသို့ သယ်ဆောင်ရာတွင် ဘိန်းမှောင်ခိုအဖွဲ့များအတွက် သယ်ယူရေးလမ်းကြောင်းအဖြစ် အချက်အချာကျသော နိုင်ငံဖြစ်သည်။

ဘာဆာရာတွင် မိုင်းပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

လန်ဒန် စက်တင်ဘာ ၆

အီရတ်နိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၅ ရက်က လမ်းဘေးဗုံးတစ်လုံး ပေါက်ခွဲမှုဖြစ်ပွားရာ ဗြိတိသျှတပ်ဖွဲ့ဝင်နှစ်ဦး အသက်ဆုံးရှုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဌာနမှလာသော သတင်းများက ဖော်ပြသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လမှစ၍ ကျူးကျော်သိမ်းပိုက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အသက်ဆုံးရှုံးခဲ့ရသော ဗြိတိန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ယခုအခါ ၉၄ ဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဘာဆာရာပြည်နယ်အတွင်း၌ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီခွဲအချိန်က ပေါက်ကွဲသွားသော လမ်းဘေးဗုံးကြောင့် ရရှိခဲ့သော ဒဏ်ရာဖြင့် ဗြိတိန်အရှေ့တောင်ပိုင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ပေါင်း ၈၅၀၀ ခန့် လောလောဆယ်တွင် တပ်စွဲထားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကန်စစ်ယာဉ်တန်းအနီး ကားဗုံးကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ယမန်နေ့က အမေရိကန်စစ်ယာဉ်တန်းအနီး၌ ကားဗုံးတစ်လုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အထိအခိုက်အသေအပျောက်များ ဖြစ်ပေါ်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

ဘဂ္ဂဒက်မြို့၏တောင်ဘက်ရှိ ဆေဒီအာအရပ်တွင် ကန်စစ်ဘက်ယာဉ်တန်းအနီး၌ ကားဗုံးပေါက်ကွဲသွားသဖြင့် အထိအခိုက်အများအပြားရှိခဲ့သည်ဟု ပြည်ထဲရေးဌာနမှ သတင်းများအရ သိရသည်။

ပိတ်ဆို့

ဗုံးပေါက်ကွဲပြီးလျှင်ပြီးချင်း အမေရိကန်တပ်ဖွဲ့များက ထိုနေရာကို အဝင်အထွက် ပိတ်ဆို့ထားလိုက်ကြသည်။ အီရတ်ရဲများအပါအဝင် မည်သူ့ကိုမျှ ဝင်ထွက်ခွင့်မပြုခဲ့သဖြင့် သေဆုံးထိခိုက်သူများမှာ အမေရိကန်များဖြစ်သည်၊ အီရတ်များဖြစ်သည်ကို တိတိကျကျ သိရှိနိုင်ခြင်း မရှိဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရန်ကုန် စက်တင်ဘာ ၇

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစည်းအဝေးခန်းမ (၄)၌ ကျင်းပရာ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံရယူသည်။

တက်ရောက်

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ် (၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးများ၊ ဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ငွေကျပ်ခုနစ်သိန်း၊ သစ်တောရေးရာ ဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ်လေးသိန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ်ငါးသိန်း၊ ဒေါ်မျိုးမြင့်(ကျောင်းအုပ်ကြီး သံတမန်ကလေးများကျောင်း)၊ ဦးတင်ဦး (ရွှေစင်ရတနာရွှေဆိုင်)၊ Asia Express ကုမ္ပဏီတို့က ငွေကျပ်နှစ်သိန်းစီ၊ City FM ကြော်ငြာလုပ်ငန်းရှင်များနှင့် အင်ဂျင်နီယာဌာန(လမ်း/တံတား)၏ စည်းရုံးမှုဖြင့်စေတနာရှင် အလှူရှင်များက ငွေကျပ်တစ်သိန်းစီနှင့် ရှုခင်းသာ ဘိုးလင်းစင်တာနှင့် Fortune International Ltd. တို့က ငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်း အလှူငွေကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းကြရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိရာ ယနေ့ ကျင်းပသည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ရရှိသည့် လှူဒါန်းငွေ ကျပ်သိန်း ၆၀ အပါအဝင် ယနေ့အထိ အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၂၅၉၀၀၀ ရရှိပြီးဖြစ်သည်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူရှင်များက အလှူငွေများလှူဒါန်းလိုပါက ဌာနမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၂၅၁၄၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

1။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
2။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
3။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
4။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
5။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
6။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
7။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ တတိယအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လှူဒါန်းငွေ ကျပ်သိန်း ၃၀ ကို ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံ(၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်ဘောလုံးအသင်း တတိယဆုရ

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၅ ခုနှစ် အာဆီယံ (၂၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (AFF U-23 Youth Championship 2005)ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယလုပွဲအဖြစ် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် မလေးရှားလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်အသင်းက ပင်နယ်တီဂိုးအပါအဝင်ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိပြီး တတိယဆုကိုရရှိသွားသည်။

ပြိုင်ပွဲတွင် ပထမပိုင်း၌နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်နေသည်။ ဒုတိယပိုင်း ၆၇ မိနစ်တွင် မြန်မာလူငယ်အသင်းမှ ဇော်ဇော်က စတင်ဂိုးသွင်းပြီး ၈၆ မိနစ်တွင် မလေးရှားလူငယ်အသင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

အနိုင်အရှုံးကို ပင်နယ်တီဂိုးဖြင့် ဆုံးဖြတ်ရာတွင် မြန်မာလူငယ်အသင်းမှ ကျော်ခိုင်ဝင်း၊ မျိုးမင်းထွန်း၊ ဝင်းမင်းထွဋ်နှင့် ဇော်လင်းထွန်း(၂)တို့က တစ်ဂိုးစီသွင်းယူနိုင်ကြပြီး မြန်မာလူငယ်အသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိကာ တတိယဆုကို ရရှိသွားသည်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၇

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်မှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀အတွင်းပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀မှ ၉၀၀အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဝင်လိုသူများသည် တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၈၄၆၇)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

လယ်တီ တရားစခန်း

ရန်ကုန် စက်တင်ဘာ ၇

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီး၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၇)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း–၅၃၄၃၂၈သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4

၈–၉–၂၀၀၅
(ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	Management Talk (ဦးမျိုးမြတ်သူ၊ဦးအေးကျော်) (MHR)
၇:၄၀	တေးဂီတအစီအစဉ်
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၀	မိုးလေဝသခန့်မှန်းချက်
၇:၅၅	မြန်မာစာ မြန်မာစကား
၈:၁၀	တေးဂီတအစီအစဉ်
၈:၂၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၈:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅	ရှားပါးသော ရေချိုရေငန်စပ်မိကျောင်းများ အပိုင်း(၁)
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ကျန်းမာရေးအတွက် သန့်လေးသန့်
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	အသည်းရောင်အသားဝါ(စီ) ရောဂါအကြောင်း အပိုင်း(၁)
၉:၄၅	ပြည်တွင်းသတင်းအကျဉ်း
၉:၅၀	ဂီတလွင်ပြင်(ကောင်းကင်ထဲကမြစ်တစ်စင်း)
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ အပိုင်း (၁)
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ယူ၂၀ချန်ပီယံ မြန်မာလူငယ်အသင်းအား ကြိုဆိုပွဲ ဂုဏ်ပြုညစာစားပွဲအခမ်းအနား
၁၀:၅၅	ကြိုးပန်းချီ
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အစဉ်ထာဝရ လှုပ်နေမည့် မြန်မာ့ပန်းချီကားတစ်ချပ်

ညီစိုးပညာ

လူတို့၏ မျက်မှောက်ကမ္ဘာကို ဖွံ့ဖြိုးတိုးတက်မှုများ အဖုံဖုံအခန်းခန်းဖြင့် ပြည့်လျှမ်းနေသော ကမ္ဘာကြီးအဖြစ် ရှုမြင်ရသောအခါ လူသားတို့၏ ရှေးဦးယဉ်ကျေးမှုကို မြတ်နိုးကျေးဇူးတင်ရပါသည်။

လူသည် ရှေးဦးကာလမှာပင် **"အက္ခရာ စာ"**ကို တီထွင်ခဲ့သည်။ **"စာ"**ရှိလာသဖြင့် လူအချင်းချင်း ဆက်ဆံဆက်သွယ်ရာတွင် လွယ်ကူလာပြီး **"စာ"**မှနေ၍ တစ်ဆင့်ဆက်ကာ ပညာကို ရရှိလာခဲ့ကြသည်။ ယနေ့ကမ္ဘာသည် ခေတ်မီဖွံ့ဖြိုးမှုများဖြင့် အလှကြွယ်ဝနေသည်မှာ **"ပညာ"**ကြောင့်သာဖြစ်ရာ ပညာသာ မတိုးတက်၊ မပြန့်ပွား၊ မထွန်းကားခဲ့လျှင် လူသည် ယဉ်ကျေးမှုနှင့် ယနေ့ကာလတိုင် ရှင်သန်လာနိုင်ပါမလားဟု စဉ်းစားကြည့်နိုင်ပါသည်။ သို့သော် လူတို့စာတတ်မြောက်ခဲ့ကြပြီး ပညာဖြင့် ကမ္ဘာကြီး သာယာလှပနေသော်လည်း ကမ္ဘာတွင် စာမတတ်သူများရှိနေသေး၍ တစ်ဖက်တွင် ရာစုသစ် တတိယ ထောင်စုနှစ် ကာလများရောက်သည့်တိုင် စာတတ်မြောက်ရေး လုပ်ငန်းကို နိုင်ငံအသီးသီး၌ ဆောင်ရွက်နေကြရပါသည်။

မြန်မာနိုင်ငံသည်လည်း ကိုလိုနီနယ်ချဲ့ဆိုးမွေကို ခံစားခဲ့ရသဖြင့် လူထုအတွင်းတွင် စာမတတ်သူများ ရှိခဲ့၍ စာတတ်မြောက်ရေးလုပ်ငန်းကို ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ရပါသည်။

ယမန်နှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနသည် **"မြန်မာနိုင်ငံစာတတ်မြောက်ရေး မော်ကွန်း"**ကို ပုံနှိပ်ထုတ်ဝေခဲ့သဖြင့် **"မြန်မာနိုင်ငံ စာတတ်မြောက်ရေးသမိုင်းစဉ်"** အခန်းမှ အစပြုကာ အားထုတ်ကြိုးပမ်းခဲ့သည့် စည်းရုံးလှုပ်ရှားဆောင်ရွက်မှုများကို ပြန်လည်သိရခံစားရပါသည်။

မိမိတို့နိုင်ငံ လူထုအတွင်း စာတတ်မြောက်မှုနှုန်းမှာ မြင့်မားခဲ့ပါသည်။ မြန်မာမင်းများ လက်ထက်က ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် စာဖတ် စာရေး ကျွမ်းကျင် တတ်မြောက်မှုသည် ၈၅ ရာခိုင်နှုန်းရှိခဲ့ရာမှ နယ်ချဲ့၏ ကျူးကျော်မှုခံရပြီးနောက်ပိုင်း၌ စာတတ်မှုမှာ ၃၅ ရာခိုင်နှုန်းသာ ရှိတော့သည်အထိ ယုတ်လျော့ကျဆင်းခဲ့ရပါသည်။ စာမတတ်သူ အများစုကြီးမှာလည်း အမျိုးသမီးများ ဖြစ်ကြပြီး ကျေးရွာဒေသများတွင် နေထိုင်ကြသူများ ဖြစ်ကြကြောင်း ဆိုပါသည်။ အလွန်ပင်ဝမ်းနည်းစရာ၊ မခံချင်စရာဖြစ်ပါသည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံတွင် စာတတ်မြောက်ရေး လုပ်ငန်းသည် ကိုလိုနီအမွေဆိုးကို ရိုက်ချိုးချေဖျက်ပစ်ရသည့် အမျိုးသားရေးအသိနှင့် တာဝန်အဖြစ် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရသည်။ လူထုလှုပ်ရှားမှု အသွင်ဖြင့် ဒေသခံ တိုင်းရင်းသားသွေးချင်းများ၊ အလုပ်သမား၊ လယ်သမားများ၊ ပညာရှင်များ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အနုပညာရှင်များပါမကျန် စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

မော်ကွန်းတွင် မြန်မာနိုင်ငံစာတတ်မြောက်ရေး လုပ်ငန်းကို အမျိုးသားပညာရေး လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ကြိုးစားဆောင်ရွက်သည့် အစောပိုင်းကာလများမှစကာ ခုနှစ်အပိုင်းအခြားအလိုက် ဆောင်ရွက်ခဲ့ပုံကို ဖတ်ရှုလေ့လာရပါသည်။ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်သည့် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာတွင် ဖွင့်လှစ်သည့် သင်တန်းမှအစ ရည်မှန်းချက်များပေါက်မြောက်အောင် နှစ်စဉ် တိုးချဲ့ဆောင်ရွက်ခဲ့ပုံ၊ သက်ကြီး မြန်မာဖတ်စာများ ပြုစုထုတ်ဝေဖြန့်ချိခဲ့ပုံ၊ နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့နှင့် ဆရာအတတ်သင်ကျောင်းတို့မှ စေတနာ လုပ်အားပေး ဆရာ၊ ဆရာမများ အင်တိုက်အားတိုက် ပါဝင်လုပ်အားပေးခဲ့ကြပုံ၊ စည်းရုံးလှုပ်ရှား ဆောင်ရွက်မှုများဖြင့် အောင်ပွဲခံကြပုံ၊ နိုင်ငံတကာနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး နိုင်ငံတကာ ဂုဏ်ပြုဆုများ ချီးမြှင့်ခံရပုံများ၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားများ ယနေ့ကာလတိုင် အဓိပ္ပာယ်အနှစ်သာရရှိရှိ ကျင်းပဆင်နွှဲခဲ့ပုံများကိုလည်း ပြည့်စုံစွာ မော်ကွန်း တင်ထားသည်ကို တွေ့ရှိရပါသည်။ စာနယ်ဇင်း အသီးသီး၊ စာအုပ်စာတမ်းအသီးသီးတွင် မှတ်တမ်းဝင်ခဲ့သည့် ဝတ္ထု၊ ပြဇာတ်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများနှင့်တကွ ဓာတ်ပုံများ၊ အထိမ်းအမှတ်ပစ္စည်းများကိုလည်း စုစည်းပုံရိပ်များအဖြစ် ထည့်သွင်းဖော်ပြထားပါသည်။

အမျိုးသားရေးအသိနှင့် တာဝန်ကို ခံယူကြသူ တစ်ရပ်လုံးသည် မိမိတို့နိုင်ငံ၏ စာတတ်မြောက်ရေး ကြိုးပမ်းမှုတွင် တောင်ပေါ်မြေပြန့်မကျန်၊ လယ်ကွင်းကို ပတ် ရိုးပြတ်ကိုကျော်ကာ တာဝန်ရှိရာတွင် နေ့နေ့ ညည ဆောင်ရွက်ခဲ့ကြသည်။ စာပေမတတ်၍ လက်ဗွေအမှတ်ကြက်ခြေခတ်ရသည့်အဖြစ်ကို ပယ်ဖျက်တွန်းလှန်ခဲ့ကြသည်။ စာသင်ပေးသည့်နေရာမှာလည်း ကျောင်း၊ အိမ်၊ ရုံးနှင့် လယ်ယာအလုပ်ခွင်တို့မှာပါ နွားကျောင်းရင်း၊ ဗိုင်းငင်ဝါဖတ်ရင်း၊ မောင်းထောင်းဆန်ဖွပ်ရင်း၊ နီးဖြာတောင်းရက်၊ ထန်းလျက်အိုးခတ်ရင်း သင်ပေးခဲ့ကြသည်။ ဤသို့ဖြင့် ဦးဦး၊ ဒေါ်ဒေါ်တို့၏ အခေါ်အဝေါ် မလွဲချော်အောင် အော်ဟစ်သင်အံကြသည့် **'ဝ၊ ထ၊ က၊ လ၊ သ'** အသံများမှာ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖုံးလွှမ်းခဲ့ပါသည်။

> **'ကိုလိုနီ ထိုစနစ်က**
> **ချန်ရစ်တဲ့ ဆိုးအမွေ**
> **ဒို့တစ်တွေ အကျေဆပ်**
> **စာတတ်ပြီလေ'။**
>
> **မိတ္ထီလာခရိုင်**

ဤသို့ ကြွေးကြော်ကာ စာတတ်မြောက်မှု အောင်ပွဲများကိုလည်း ဆင်နွှဲနိုင်ခဲ့ကြသည်။ စာတတ်ပြီး ပြန်လျှင်လည်း အချိန်ရသမျှ စာဖတ်ကြပါမှ လူနေလှမည့်အရေးကိုလည်း အသိနိုးကြားလာကြပါသည်။

> **'ကျုပ်တို့ရွာ ပထမ**
> **ကလိုက်ရ ပျော်လိုက်တာ**
> **အရီးမှုံ မျက်ရည်ဝိုင်းလို့**
> **ဆိုင်းတွေလည်းပါ၊**
> **အမှောင်ခေတ် ကန့်လန့်ကာ**
> **ဒို့ဆွဲကာ ဖယ်ရှား၊**
> **ဉာဏ်တန်ဆောင် ပညာဝင်းလို့**
> **လင်းကြစေသား'။**
>
> **မောင်သန်းထွဋ်အေး**
> **(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)**

နိုင်ငံတကာ စာတတ်မြောက်ရေး အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်အဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဤ **"စာမတတ်သူ၊ ဒို့ပိုင်းကူ"** ကဗျာထဲမှ တစ်ပိုဒ်သည် မိမိတို့နိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှု၏ ရည်ရွယ်ချက်နှင့် အောင်ပွဲခံနိုင်သည်အထိ ပေါက်မြောက်အောင်မြင်ခဲ့ပုံရှုခင်းမှာ ပေါ်လွင်လှပါသည်။ နှစ်အလိုက်၊ မြို့နယ်အလိုက် တိုးချဲ့ ဆောင်ရွက်လှုပ်ရှားလာခဲ့ကြသဖြင့် စာတတ်မြောက်လာသူများ ဦးရေတိုးလာသကဲ့သို့ မြို့နယ်လုံးကျွတ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်မှုများလည်း ရရှိလာခဲ့ကြပါသည်။ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေတွင် စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုကြောင့် စာတတ်မြောက်လာသူ ရာခိုင်နှုန်းမှာ ၇၈ ဒသမ ၆ သို့ ရောက်ရှိလာခဲ့ပါသည်။

ယခုအခါ စာတတ်မြောက်ရေး လုပ်ငန်းကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ မိဘပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းညှိနှိုင်းကာ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအနေဖြင့် အစဉ်တစိုက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သက်ကြီး စာတတ်မြောက်လာသူများမှာ မျှော်မှန်းရလဒ်ထက် ပိုမိုသည့် အောင်မြင်မှုများပင် ရရှိနေပါသည်။ ၂၀၀၄ ခုနှစ် နွေရာသီ စာတတ်မြောက်ရေးလုပ်ငန်းကို ပြည်နယ်၊ တိုင်းအလိုက် စီမံချက်များဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံအဆင့် သက်ကြီး စာတတ်မြောက်မှုနှုန်းမှာ ၉၃ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ စာတတ်မြောက်ရေး လုပ်ငန်းဟူသည် နိုင်ငံတိုင်းအစဉ်သဖြင့် ဆောင်ရွက်နေကြရမည့်လုပ်ငန်းဖြစ်ပါသည်။

သတင်း အချက်အလက်များ မှန်သမျှကို ခေတ်မီစွာ များများမြန်မြန်ရယူနိုင်ပြီး ပညာအခရာဖြစ်လာသည့် မျက်မှောက် အချိန်အခါတွင် ဖွံ့ဖြိုးမှုအဖုံဖုံဖြင့် လှပနေသော ကမ္ဘာကြီးအတွင်း ရှင်သန်နေထိုင်လျက် ရှိကြသူတိုင်းသည် စာမတတ်သူများ စာတတ်မြောက်လာကြရေးကို မမိုတ်မသုန် ကြိုးပမ်း ဆောင်ရွက်သင့်ကြပါသည်။ **"အက္ခရာ စာ"** ကို ဖြစ်ပေါ်တိုးတက်စေခဲ့သော မိမိတို့ လူသားများ၏ ရှေးဦးယဉ်ကျေးမှုကို မြတ်နိုးကျေးဇူးတင်စွာ အမျိုးသားရေး တာဝန်ထမ်းဆောင်သင့်ကြပါသည်။

> **စာပေ မတတ်၍ လက်ဗွေအမှတ် ကြက်ခြေခတ်ရသည့် အဖြစ်ကို ပယ်ဖျက်တွန်းလှန်ခဲ့ကြသည်။ စာသင်ပေးသည့်နေရာမှာလည်း ကျောင်း၊ အိမ်၊ ရုံးနှင့် လယ်ယာ အလုပ်ခွင်တို့မှာပါ နွားကျောင်းရင်း၊ ဗိုင်းငင်ဝါဖတ်ရင်း၊ မောင်းထောင်း ဆန်ဖွပ်ရင်း၊ နီးဖြာတောင်းရက်၊ ထန်းလျက်အိုးခတ်ရင်း သင်ပေးခဲ့ကြသည်။**

> **နေ့ညအလှ**
>
> **ရှင်နေမင်းမှာ၊ အလင်းဖြာသည်**
> **နေ့အခါထွန်းပ နေ့အလှ။**
> **ငွေလမင်းမှာ၊ အလင်းဖြာသည်**
> **ညခါဝင်းပ ညအလှ။**
> **စာတတ်စာဖတ်၊ အလင်းဓာတ်ကား**
> **ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍**
> **နေ့ခါ ညခါ၊ ထွန်းလင်းသာသည်**
> **ရင်မှာ ရွှန်းမြ နေ့ညအလှ။**
>
> **မင်းယုဝေ**

ကမ္ဘာကြီး၏ ဖွံ့ဖြိုးလှပနေသော မြင်ကွင်းထဲတွင် မြန်မာ့ စာတတ်မြောက်ရေးလုပ်ငန်းများ ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှု ပန်းချီကားချပ်သည် ဆရာမင်းယုဝေ ဖွဲ့ဆိုရေးခြယ်ပြသည့်အတိုင်း နေ့ရော ညပါ အစဉ်ထာဝရ သက်ဝင်လှုပနေမည့် ပန်းချီကားတစ်ချပ်အဖြစ် ခံစားနေမိပါကြောင်း တင်ပြရပါသည်။ ။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာ

၂၀၀၅ခုနှစ် စက်တင်ဘာလ ၈ရက်

ယခုနှစ်သည် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ် (၂၀၀၅–၂၀၁၄) စတင်သည့်နှစ်ဖြစ်ပြီး ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့၏ အဓိကဦးတည်ချက်မှာ စာတတ်မြောက်မှု၏ အခန်းကဏ္ဍ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်စေရေးပင်ဖြစ်ပါသည်။

ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကဒေါက်တိုင်သုံးခုဖြစ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာထိန်းသိမ်းစောင့်ရှောက်ရေးတို့တွင် စာတတ်မြောက်ရေးသည် အဓိကနှင့် လက်တွေ့ကျသော အခန်းကဏ္ဍက ပါဝင်နေပါသည်။

သုတေသနနှင့် လက်တွေ့ဖော်ပြချက်များအရ ဆင်းရဲနွမ်းပါးမှုပပျောက်စေမှု၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ ကျား/မ တန်းတူညီမျှမှု၊ မိသားစု ကျန်းမာတိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကို မြှင့်တင်ရေးတို့တွင် စာတတ်မြောက်ရေးသည် အဓိကကျသော ကိရိယာတစ်ခုဖြစ်ပါသည်။ စာတတ်သော မိသားစုဝန်းကျင်တစ်ခုတွင် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုမှာ ပျော်ရွှင်စရာဖြစ်သကဲ့သို့ ယောကျာ်းလေးများနှင့် မိန်းကလေးများကို ကျောင်းထားရာတွင် ကောင်းမွန်သောအမြင်ဖြင့် ထိထိရောက်ရောက် လေ့လာ သင်ယူစေပါသည်။ မကြာသေးခင်နှစ်များအတွင်းကစ၍ စာတတ်မြောက်ရေး အစီအစဉ်အများစုမှာ ဒေသဆိုင်ရာလိုအပ်ချက်များ၊ အထူးသဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဦးတည်ဆောင်ရွက်လာခဲ့ပါသည်။ ၎င်းနည်းလမ်းများက စာတတ်မြောက်ခြင်းဆိုသည်မှာ စာရေးခြင်း၊ စာဖတ်ခြင်းသာမက ဘဝနှင့်သက်ဆိုင်သော ကျွမ်းကျင်မှုများကိုပါ ရှာဖွေရမည်ဆိုသည့်အချက်ကို ဖော်ပြနေပါသည်။

ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပင်မအကျဆုံးအရာမှာ စာတတ်မြောက်ရေးဖြစ်သောကြောင့် ဘဝတစ်လျှောက်လုံး သင်ယူလေ့လာနေရမည်။ ယနေ့ကမ္ဘာတွင် အရွယ်ရောက်ပြီးသူ လူဦးရေ သန်းပေါင်း ၈၀၀ ကျော်မှာ စာမတတ်သူများဖြစ်ပြီး ၎င်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ကြသည်။ ကလေး သန်း ၁၀၀ကျော်မှာလည်း ကျောင်းနေရန်အခွင့်အလမ်းမရရှိကြပါ။ ဤအချက်များက စာတတ်မြောက်ရေး အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန်လိုအပ်နေကြောင်း ပြသနေပါသည်။ ဤနိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် လူတိုင်းအတွက် ပညာရေးနှင့် လူတိုင်းအတွက် စာတတ်မြောက်ရေးလုပ်ငန်းနှစ်ရပ်ကို ချိတ်ဆက်ရင်းဖြင့် ကျွန်ုပ်တို့အားလုံး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ရောက်အောင် လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

* သတင်းချက်လက်၊ လွန်တိုးတက်ရာ
ဤကမ္ဘာမှာ၊ နည်းပညာများ
လွန်တိုးပွားနေ၊ ဒို့တစ်တွေလည်း
စာပေမတတ်၊ သတိလပ်လျှင်
ခုလတ်နောက်ကျ၊ ကျန်မည်ပ။
* တိုးတက်လူ့ဘောင်၊ ဖွံ့ဖြိုးအောင်မှာ
စွမ်းဆောင်နိုင်တာ၊ "ပညာ"သာဟု
ရင်မှာစံထား၊ လက်ခံထားလျက်
ကြိုးစားဆောင်ရွက်၊ အားလုံးတွက်။
* ဒို့တိုင်းဒို့ပြည်၊ ဒို့ဌာနီမှာ
ကမ္ဘာနှင့်အပြိုင်၊ ရင်ဆိုင်နိုင်အောင်
စွမ်းဆောင်ကာပေး၊
လူတိုင်းအတွက် ပညာရေး။
* ဖွံ့ဖြိုးတိုးတက်
အမျိုးအတွက်မျှော်မှန်း
နိုင်ငံတစ်ဝန်း၊ စာတတ်ကျွမ်းဖို့
ဒို့များကြိုးပမ်းကြပါစို့။ ။

(မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးကြိုးပမ်းမှုကို ဂုဏ်ပြုလျက်–)

မြင့်မြင့်ဦး(ပညာရေး)

မြတ်စေတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် စက်တင်ဘာ ၇

သရက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြတ်စေတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပွဲကို သရက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ဩဂုတ် ၂၄ ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဝင်းမြိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကိစ္စများဆွေးနွေးပြီး သရက်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာမြင့်က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စု... ကိုးရပ်ကွက် အသင်းခွဲများမှ စာအုပ်စာစောင် ၉၅၀ လှူဒါန်းရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မြင့်က လက်ခံရယူသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ခေါင်းဆောင်များအတွက် စီမံခန့်ခွဲမှု အယူအဆများစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၇

တပ်မတော်အရာရှိကြီး တစ်ဦး ရေးသားသော ခေါင်းဆောင်များအတွက် စီမံခန့်ခွဲမှု အယူအဆများ စာအုပ်ကို မြဝတီစာပေတိုက်မှ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"ခေါင်းဆောင်မှု ဘာသာရပ်" သည် ခေါင်းဆောင်၊ အဖွဲ့အစည်းနှင့် အခြေအနေတည်းဟူသော အကြောင်းတရား သုံးပါးတို့၏ ဆက်စပ်မှုမှ ထွက်ပေါ်လာသည့် အတွေးအခေါ်၊ သဘောတရားများဖြစ်ကြောင်း၊ "စီမံခန့်ခွဲမှုဘာသာရပ်" တွင် အတွေး အခေါ် သဘောတရားများသာမက သင်္ချာပညာ၊ စာရင်းအင်းပညာ၊ ဘောဂ ဗေဒပညာ၊ ကွန်ပျူတာပညာနှင့် ချိန်ဆမှုပညာရပ်တို့လည်း ပါဝင်နေကြောင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုကို ထိထိမိမိ၊ တိတိကျကျ ဖော်ပြရှင်းလင်း ထားသော စာအုပ်ကောင်းဖြစ်သည်။

အသိပညာခေတ်တွင် မည်သည့်ခေါင်းဆောင်မဆို အမှားမခံနိုင်ကြောင်း၊ ခေါင်းဆောင်တိုင်းသည် နေ့စဉ်နှင့်အမျှ ဘက်ပေါင်းစုံမှ စိန်ခေါ်ခြင်းနှင့် စစ်ဆေးခြင်းကို ခံနေရကြောင်း၊ ခေါင်းဆောင်တစ်ယောက်၏ အောင်မြင်မှုသည် အခြားသူများ၏ စွမ်းဆောင်ချက်များကို ချိန်ထိုးအကဲဖြတ်ချက်များမှသာ ထွက်ပေါ်လာရကြောင်း လက်တွေ့ကျကျ ဖော်ပြထားသောစာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ထင်ရှားသောပညာရှင်များ၏ လေ့လာတွေ့ရှိချက်များမှ ထွက်ပေါ်လာသည့် အဆိုအမိန့်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ခေါင်းဆောင်မှုနယ်ပယ်နှင့် စီမံခန့်ခွဲမှုနယ်ပယ်တို့တွင် ကောင်းစွာရှင်သန်ဖွံ့ဖြိုးလျက်ရှိနေကြသော အယူအဆများကို ထည့်သွင်းရှင်းလင်းဖော်ပြထားသဖြင့် ခေါင်းဆောင်ကောင်းများ၊ စီမံခန့်ခွဲရေးမှူးကောင်းများအဖြစ်သို့ လမ်းဖွင့်ပေးသော သော့တစ်ချောင်းဖြစ်သည်။ အမှတ် (၁၈၁)၊ ၃၂လမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၆၄၁၃၁၈ နှင့် ၂၈၂၆၇၄ မြဝတီစာပေတိုက်မှ ဖြန့်ချိလျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် အောင်သိဒ္ဓိရိပ်သာ (၁)လမ်းနေ တရားသူကြီး ဦးမောင်မောင်အား ရည်စူး၍ ဇနီး ဒေါ်မြရီ၊ သား၊ သမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကမ္ဘာ့ဂျူနီယာ တံခွန်စိုက် တိုက်ကွမ်ဒိုပြိုင်ပွဲ မြန်မာတိုက်ကွမ်ဒိုအသင်း ရွှေတံဆိပ်တစ်ခုရရှိ

ရန်ကုန် စက်တင်ဘာ ၇

၂၀၀၅ ခုနှစ် စက်တင်ဘာ ၅ရက်မှ ၈ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုလ်းမြို့၌ ကျင်းပလျက်ရှိသော Korea Open 2005 တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် World Junior Championship တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် မြန်မာတိုက်ကွမ်ဒိုအားကစား မောင်မယ်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ မြန်မာတိုက်ကွမ်ဒိုအသင်းက ရွှေတံဆိပ်တစ်ခုရရှိသွားသည်။

စက်တင်ဘာ ၆ရက်တွင် ကျင်းပသော World Junior Championship တိုက်ကွမ်ဒိုပြိုင်ပွဲတွင် စင်ကာပူကို (၁၇)မှတ် (၇)မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတွင် တောင်အာဖရိကကို ပထမအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့သည်။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အားကစား မောင်မယ် ၁၁ဦးသည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် သုံးလတာမျှ ပူးတွဲလေ့ကျင့်လျက်ရှိသည်။ (သတင်းစဉ်)

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။



နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ် စက်တင်ဘာလအတွက်
(၁၁–၉–၂၀၀၅)ရက်နေ့နှင့်
(၂၅–၉–၂၀၀၅)ရက်နေ့

ဆုချီးမြှင့်

အင်းစိန်မြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မဝေဝေထွန်းအား တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၉)

◇ **ရှေ့ဖုံးမှ**

အနာဂတ်နိုင်ငံတော်ကြီးကို ကာကွယ်သွားမည့် အရည်အချင်းပြည့်ဝပြီး ခံယူချက်မြင့်မားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေးအတွက် အသင်းကြီးက စဉ်ဆက်မပြတ် သင်တန်းအမျိုးမျိုးပေးပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းသည် အသင်းကြီးကပေးနေသော သင်တန်းများအနက် အရေးပါသည့် သင်တန်းအမျိုးအစားတစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့ဗဟိုသင်တန်းကျောင်း၌ သင်တန်းအမျိုးမျိုး တက်ရောက်လာပြီးသည့် လူငယ်ပေါင်း နှစ်သောင်းတစ်ထောင်ကျော်ရှိနေပြီဖြစ်သည်ဟု ဆန်းစစ်တွေ့ရှိရကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယခုသင်တန်း၌ နိုင်ငံတော်၏ပကတိဖြစ်စဉ်များနှင့် နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်များကို အတိုင်းအတာတစ်ရပ်အထိ ဆက်စပ်လေ့လာသုံးသပ်နိုင်ခွင့်ရခဲ့ပြီးဖြစ်၍ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်တို့အပြင် နိုင်ငံတကာရေးရာ အမြင်များကိုပါ ဆက်စပ်ရရှိသွားနိုင်ပြီဖြစ်သည်ဟု သုံးသပ်ပြောဆိုနိုင်ကြောင်း၊ ယင်းသို့သောအမြင်များ ပြည့်စုံမှသာလျှင် အတွေးအခေါ် အသိအမြင်ကျယ်ဝန်းပြီး အမျိုးသားစွမ်းအား မြင့်မားလာမှာဖြစ်ကြောင်း၊ အမျိုးသားစွမ်းအား၊ အမျိုးသားသိက္ခာ မြင့်မားမှလည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

သို့မှသာ ပြည်ထောင်စုကြီး၏ တန်ဖိုး၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ တန်ဖိုး၊ လွတ်လပ်ရေး၏တန်ဖိုး၊ မျိုးချစ်စိတ်ဓာတ်အရင်းခံသော ပြည်ထောင်စုစိတ်ဓာတ်၏တန်ဖိုးတို့ကို မှန်မှန်ကန်ကန် နားလည်သဘောပေါက်ပြီး ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်တမျှ စောင့်ထိန်းကာကွယ်သွားနိုင်မှာဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်းလေးစားထိန်းသိမ်းစောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်များဖြစ်သည်ကို သမိုင်းသင်ခန်းစာများနှင့် ယှဉ်တွဲ၍ ခံယူကြရမှာဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်က ချမှတ်ထားသည့် အမျိုးသားရေး ရည်မှန်းချက်၊ ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ် စသည့် အမျိုးသားရေးမူဝါဒများသည် မိမိတို့ဖြတ်သန်းခဲ့ပြီးဖြစ်သောနိုင်ငံ၏ အတိတ်သမိုင်းအတွေ့အကြုံများနှင့်လည်းကောင်း၊ မိမိတို့၏ကိုယ်ပိုင် အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများနှင့်လည်းကောင်း ဆီလျော်ညီညွတ်မှုရှိသည့် မှန်ကန်သောမူဝါဒများဖြစ်ကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလများနှင့်ဆက်စပ်ပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်များကို ဖော်ဆောင်နိုင်ရန် ချမှတ်ထားခြင်းလည်းဖြစ်ကြောင်း။

အလွန်အရေးပါ

အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရာ၌ တိုင်းရင်းသားပြည်သူများကို ကိုယ်စားပြုသည့် မိမိတို့အမျိုးသားရေးအသင်းကြီး၏ ပါဝင်မှုမှာ အလွန်အရေးပါကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်သော စည်းလုံးမှုအား၊ တူညီသောရည်မှန်းချက်များဖြင့်သာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း။

ယင်းသို့ တည်ဆောက် အကောင်အထည်ဖော်ရာ၌ အသင်းကြီးအနေဖြင့် ကျရာအခန်း ကဏ္ဍအသီးသီးမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမှာဖြစ်၍ အသင်းဝင်များ၏ အရည်အချင်း၊ အရည်အသွေးမြင့်မားရေးအတွက် ဘက်ပေါင်းစုံမှပြုစုပျိုးထောင် မြှင့်တင်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများကို အစဉ်လိုက်နာဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးကြိုးပမ်းမှုများကို အစဉ်အမြဲထောက်ခံပြီး နိုင်ငံတကာရေးရာများမှာ အပြုသဘောဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိကြောင်း။

မူကြီး(၅)ရပ်ကျင့်သုံး

နိုင်ငံတကာဆက်ဆံရေးမှာ ကျင့်သုံးလိုက်နာ…
အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ်ကို လေး…
ကျင့်သုံးနေသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံတ…
မညီညွတ်ဘဲမိမိတို့နိုင်ငံအပေါ် အကြောင်းအမျ…
ဖိအားပေး အကျပ်ကိုင်မှုများကိုလည်း **“ပြည့်အင်…**
မှာသာရှိသည်” ဆိုသည့်ခံယူချက်ဖြင့် အသိရှိရှိ…
ဖယ်ရှား၍ မိမိတို့အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုလမ်း…
သွားရမှာဖြစ်ကြောင်း။

ကာကွယ်တားဆီးတိုက်ဖျက်…

ယနေ့ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှ…
သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လိုအပ်သောနို…
လူမှုရေးအခြေခံအဆောက်အအုံများသည်လည်း …
နေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်…
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလ…
အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယ…
ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းစဉ်များ ပြီးမြောက်…
အထည်ဖော်နိုင်ရေးမှာ နိုင်ငံတော်၊ ပြည်သူနှ…
ပူးပေါင်းဆောင်ရွက်မှုစွမ်းအားအပေါ်တည်မှီလျက်…
ပြည်ပ အဖျက်သမားများကမူ လူ့အခွင့်အရေး…
ဗန်းပြပြီး ကောလာဟလများ၊ မမှန်သတင်းများလု…
ခြင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးကို လာထိ…
လုပ်ရပ်များကို ကျူးလွန်ခြင်းများ ပြုလုပ်နေသ…
စွမ်းအားဖြင့်ပင် ကာကွယ်တားဆီး တိုက်ဖျက်သ…

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–
– **ဒို့တာဝန်အရေးသုံးပါးကို ခံယူ၍ အေးချမ်…**
ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမို…
ဖြစ်ထွန်းလာစေရေးအတွက် ပြည်ထောင်စု မျိုးချစ်…
ကြိုးပမ်းဆောင်ရွက်သွားကြပါ။
– **အသင်းဝင်များအနေဖြင့် မိမိပါဝင်ရမည့် အ…**
မည်ကဲ့သို့ အတွေးအမြင်၊ မည်ကဲ့သို့ ရပ်တည်…

နိုင်ငံတကာဆက်ဆံရေး

☆ နိုင်ငံတော်အနေဖြင့် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို အစဉ်လိုက်နာ ဆောင်ရွက်လျက်ရှိ။

☆ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး ကြိုးပမ်းမှုများကို အစဉ်အမြဲ ထောက်ခံပြီး နိုင်ငံတကာရေးရာများမှာ အပြုသဘောဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေ။

☆ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိ။

☆ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လေးလေးစားစား လိုက်နာကျင့်သုံးနေသည့် နိုင်ငံလည်းဖြစ်။

...ိုင်ငံတော်ကြီး တည်ဆောက်နိုင်မှာဖြစ်
...း အရည်အသွေးမြင့်မားရေး မြှင့်တင်နေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှု သင်တန်း အမှတ်စဉ် (၉) သင်တန်းဆင်းပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယနေ့နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေ

...ဗဟိုနာယက
...ပြည်ထောင်စု
...ည်ပြည်ဆိုင်ရာ
...ခမ်းအနားတွင်
...နှုတ်ဆက်စဉ်။
(သတင်းစဉ်)

...ပြီး ခေတ်မီဖွံ့ဖြိုး
...င်ငံတော်ကြီးကို
...ကိုယ်စားပြုသည့်
...ခရေးပါကြောင်း၊
...အား၊ တူညီသော
...မီဖွံ့ဖြိုးတိုးတက်
...ကြောင်း။
...ဉ်၍ အသင်းကြီး
...အားတိုက် ပါဝင်
...အချင်း၊ အရည်
... မြှင့်တင်နေခြင်း

...င်တော်အနေဖြင့်
...င်သုံးဆောင်ရွက်
...ပါင်းဆက်ဆံပြီး
... အစဉ်လိုက်နာ

...ကြိုးပမ်းမှုများကို
...အပြုသဘောဖြင့်
...နိုင်ငံများ၊ ကမ္ဘာ့
... ဆက်ဆံနေထိုင်

မူကြီး(၅)ရပ်ကျင့်သုံး

နိုင်ငံတကာဆက်ဆံရေးမှာ ကျင့်သုံးလိုက်နာအပ်သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ရပ်ကို လေးလေးစားစား လိုက်နာကျင့်သုံးနေသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံတကာကျင့်ဝတ်သိက္ခာနှင့် မညီညွတ်ဘဲမိမိတို့နိုင်ငံအပေါ် အကြောင်းအမျိုးမျိုးပြ၍ ပြည်ပ၏ ဖိအားပေး အကျပ်ကိုင်မှုများကိုလည်း **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်ခံယူချက်ဖြင့် အသိရှိရှိ၊ သတိရှိရှိ တွန်းလှန်ဖယ်ရှား၍ မိမိတို့အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို ဖော်ဆောင်သွားရမှာဖြစ်ကြောင်း။

ကာကွယ်တားဆီးတိုက်ဖျက်

ယနေ့ နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ လိုအပ်သောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများသည်လည်း ခိုင်ခိုင်မာမာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယင်းဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးမှာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားအပေါ်တည်မှီလျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများကမူ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးကို ဗန်းပြပြီး ကောလာဟလများ၊ မမှန်သတင်းများလုပ်ကြံဖန်တီး ထုတ်လွှင့်ခြင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးကို လာထိပါးသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခြင်းများ ပြုလုပ်နေသည်ဖြစ်ရာ ပြည်သူ့စွမ်းအားဖြင့်ပင် ကာကွယ်တားဆီး တိုက်ဖျက်သွားရမှာဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- ဒို့တာဝန်အရေးသုံးပါးကို ခံယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ။

- အသင်းဝင်များအနေဖြင့် မိမိပါဝင်ရမည့် အခန်းကဏ္ဍများအလိုက် မည်ကဲ့သို့ အတွေးအမြင်၊ မည်ကဲ့သို့ ရပ်တည်ချက်များဖြင့် ပါဝင်ရမည်ကို ရှင်းလင်းပြတ်သားစွာ နားလည်ပြီး အသင်းကြီး၏ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြပါ။

- သင်တန်းမှရရှိသော အတွေးအမြင်ကောင်း၊ အခြေခံကောင်းများကို မိမိထမ်းဆောင်ရမည့် လက်တွေ့နယ်ပယ်၌ အသိနှင့်ယှဉ်ပြီး အကျိုးရှိရှိ၊ မှန်မှန်ကန်ကန် ပေါင်းစပ်အကောင်အထည်ဖော်နိုင်အောင် ကြိုးစားပေးကြပါ ဟု တိုက်တွန်းရင်း နိဂုံးချုပ်ကြောင်းဖြင့် ပြောကြားပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သင်တန်းသား၊ သင်တန်းသူ ၂၁၀ တက်ရောက်

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၉)သို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၁၀တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးကို ခံယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အရင်းခံဖြင့် ကြိုးပမ်း ဆောင်ရွက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ မိုးယွန်းကြီးရေထိန်းတံခါး
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let’s Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**
၅:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၅:၃၀ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) အခြေခံပညာ(၁၀-၁၅)နှစ် (အမျိုးသား)**
၅:၃၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၅၀ ၉။ **“အလျော်အစား” ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၆:၀၅ ၁၀။ အတီးပြိုင်ပွဲ
၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ဝက်ပါ (အပိုင်း-၁၅)**
၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
၇:၄၅ ၁၆။ ဆက်သွယ်ဆင့်ပွားကျွန်းတောတံတား
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **ရုပ်မြင်သံကြားဇာတ်လမ်း “သူရဲကောင်းများထွန်းကားသည်”(အပိုင်း-၂) (ကျော်သူ၊ရန်အောင်၊ဒွေး၊ဇင်ဝိုင်း၊ မင်းမော်ကွန်း၊နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊လှမျိုးသဥ္ဇာနွယ်) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မခွဲအတူ” (အပိုင်း-၉)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

တွေ့ဆုံ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မောင်တောတပ်နယ် တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

❁ **ကျောဖုံးမှ**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့သို့ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မောင်တောတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ မောင်တောတပ်နယ်အတွင်းမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအနေဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအုပ်စုရှိ မြို့ထွက်မိုးစပါးဧက ၁၀၀ ယှဉ်ပြိုင်စံပြကွက်အမှတ်(၁) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှစိုးက ယှဉ်ပြိုင်စံပြကွက်အမှတ်(၁)တွင် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ ဆင်းသွယ်လတ်၊ ရွှေရင်အေး၊ မနောသုခမျိုးစပါး အပါအဝင် မျိုးစပါး ၁၂မျိုး စိုက်ပျိုးမှုနှင့် တစ်ဧကအထွက်နှုန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးရန် တောင်သူများအား စည်းရုံးပညာပေးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ အချိုးကျပေါင်းစပ်သုံးစွဲရေး၊ စပါးအထွက်နှုန်းတိုးရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေးတို့အတွက် တောင်သူလယ်သမားများအား ပညာပေး စံပြစိုက်ခင်းများ စီစဉ်ဆောင်ရွက်စိုက်ပျိုးပြသရန်နှင့် လယ်ကွင်းများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် တောင်ကုန်းများ၊ တောင်စောင်းများ၌ ရော်ဘာပင်များ စိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားပြီး မိုးစပါးစံပြကွက်အတွင်း မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မြို့သူကြီးကျေးရွာအုပ်စုရှိ မြို့ဝင်မိုးစပါးဧက ၁၀၀ ယှဉ်ပြိုင်စံပြကွက်အမှတ်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး စိုက်ခင်းကိုကြည့်ရှုကာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ ရေတော်မိုးတော်စိုက်ပျိုးရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျသုံးစွဲရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မောင်တော–ကျီးကန်းပြင်လမ်း ဝဲယာတစ်လျှောက်ရှိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ဒေသခံပြည်သူများ၏ မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ် ၄၀ တွင် မောင်တောမြို့သို့ ရောက်ရှိကြပြီး သီရိမင်္ဂလာခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်က မြေယာအသုံးချမှု၊ ၂၀၀၄–၂၀၀၅ခုနှစ် နွေစပါးစိုက်ပျိုးရိတ်သိမ်းထွက်ရှိမှုအခြေအနေ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ မိုးစပါးစံပြယှဉ်ပြိုင်ကွက် ဧက ၂၀၀ စိုက်ပျိုးပြီးစီးမှု၊ မိုးစပါးကို အလှည့်လိုက်နှင့် မျိုးကွဲအလိုက် စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရော်ဘာစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု၊ ပျိုးပင်လိုအပ်မှုနှင့် ပျိုးထောင်ဆောင်ရွက်မှုအခြေအနေ၊ ရော်ဘာနှင့် ပဲစင်းငုံ စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ငရုတ်ကောင်းစိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ဆောင်ရွက်မှုအခြေအနေ၊ သစ်ဆိမ့်ပင်စိုက်ပျိုးဆောင်ရွက်မှုအခြေအနေ၊ ရေငန်ပုစွန် မွေးမြူထားရှိမှု၊ ငါး၊ ပုစွန်ဖမ်းဆီးထုတ်လုပ်နိုင်မှု၊ အအေးခန်းစက်ရုံများ၏ ငါး၊ ပုစွန်ကုန်ချောထုတ်လုပ်မှု၊ စက်တပ်၊ စက်မဲ့၊ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ အခြေအနေနှင့် ရေလုပ်သားများ၏ အခြေအနေများကိုလည်းကောင်း၊ ဆက်လက်၍ ဘူးသီးတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စိုးက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ကျန်းမာရေးအတွက် ငွေပဒေသာပင်စိုက်ထူထားရှိမှု အခြေအနေနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ခရိုင်တစ်ခု၊ မြို့နယ်တစ်ခု၏ တိုးတက်ရေးသည် နိုင်ငံတော်၏ အစီအမံနှင့် ဌာနဆိုင်ရာများ၏ အကောင်အထည်ဖော်မှုသာမက ပြည်သူတစ်ဦးချင်းစီ၏ တာဝန်သိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ မောင်တောခရိုင်သည် နယ်စပ်ဒေသဖြစ်၍ နှစ်နိုင်ငံ ကုန်သွယ်မှုဖြစ်ထွန်းသော ခရိုင်လည်းဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုတွင် ဥပဒေနှင့်အညီ တရားဝင်ကုန်သွယ်မှုမျိုးကို တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဤခရိုင်အတွင်း စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း နှစ်သီးစိုက်ပျိုးရန်၊ သီးနှံအထွက် တိုးစေရန်နှင့် မြေယာများ တိုးချဲ့ရန်အတွက် နည်းလမ်းရှာဖွေကာ လိုအပ်သည့်အစီအမံများချမှတ်ပြီး တိုးတက်ဆောင်ရွက်ရန် လိုကြောင်း။

တိုးချဲ့စိုက်ပျိုး

ဤဒေသတွင် အမယ်သစ်(အမည်သစ်) သီးနှံဖြစ်သည့် ငရုတ်ကောင်းကို သတ်မှတ်စိုက်ဧကနှင့်အညီ တိုးချဲ့စိုက်ပျိုးရန်လိုသကဲ့သို့ နှစ်ရှည်ပင်အနေဖြင့် စီးပွားဖြစ်ထွန်းနိုင်မည့် ရော်ဘာများကို တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဟူသည့် ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာစေရေးအတွက် အဓိကလိုအပ်ချက်များ ပြည့်စုံစေရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စီမံကိန်းများ အောင်မြင်ရေးအတွက် နိုင်ငံတော်၊ ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းလက်တွဲဆောင်ရွက်မှသာ ရည်မှန်းချက်အောင်မြင်မည်ဖြစ်ကြောင်းနှင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူများက အောက်ခြေကျေးလက်အထိဆင်းပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မောင်တောခရိုင်၏ ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါးစီမံကိန်းလျာထားချက်မှာ ၁၅၅၉၇၉ဧကဖြစ်ရာ ယခု မိုးစပါးစိုက်ပျိုးပြီးဧကမှာ ၁၅၀၆၀၈ဧက စိုက်ပျိုးနိုင်ပြီး ရာသီကုန်တွင် လျာထားဧကပြည့်မီရုံမက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မောင်တောအမှတ်(၁) ဝင်/ထွက်စခန်းသို့ ရောက်ရှိကြရာ ဧည့်ခန်းမ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး(မောင်တောမြို့) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကျော်က လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ၊ အခွန်အရပ်ရပ် ကောက်ခံရရှိမှု၊ ၂၀၀၅ခုနှစ် ဧပြီမှ ဩဂုတ်ထိ အများဆုံးတင်ပို့/တင်သွင်းခဲ့သည့် ပို့ကုန်၊ သွင်းကုန်ပစ္စည်း ၁၀မျိုးတို့ကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

တောင်ပြိုလက်ဝဲ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ဝင်/ထွက်စခန်းမှနေ၍ ရေယာဉ်ငယ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၁၂နာရီခွဲတွင် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိကြပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးလှဝင်းက တောင်ပြိုလက်ဝဲမြို့ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်သစ်တောဦးစီးဌာနမှူး ဦးတင်အေးက နတ်မြစ်ကမ်းခြေတစ်လျှောက် နတ်မြစ်အတွင်းစီးဝင်သည့် ချောင်းများ၏ ဘေးဝဲယာတစ်လျှောက် ဒီရေတောသစ်ပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တောင်ပြိုလက်ဝဲမြို့ရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းတို့ကိုချမှတ်၍ နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က စီမံဆောင်ရွက်ပေးသကဲ့သို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မိမိတို့မြို့ရွာတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အထူးသဖြင့် စီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ အားလုံး တက်ညီလက်ညီဆောင်ရွက်မှသာ မြို့ရွာဖွံ့ဖြိုးစေနိုင်မည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲဆေးရုံသို့ရောက်ရှိကြပြီး ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံအတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံအုပ် ဒေါက်တာအောင်ကျော်မိုးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခွဲစိတ်ခန်းပြုပြင်မှု၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အလှူငွေကျပ် တစ်သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးသာလူချေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲရဲစခန်းသို့ရောက်ရှိကြပြီး ရဲစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❍



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့ ကျီးကန်းပြင်ကျေးရွာ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များစိုက်ပျိုးထားသည့် မင်္ဂလာပျိုးဥယျာဉ် ရော်ဘာပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀မှ

တောင်ပြိုလက်ဝဲမြို့မှ ပြန်လည်ထွက်ခွာလာရာ ညနေ ၃နာရီ ၄၅မိနစ်တွင် ငါးခူရ ကျေးရွာသို့ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကျီးကန်းပြင်ကျေးရွာ ဇေယျာသီရိ တပ်ဦးစေတီတော်မြတ် အနီးရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ စိုက်ပျိုးထားသည့် မင်္ဂလာပျိုးဥယျာဉ်သို့ ရောက်ရှိကြကာ ငရုတ်ကောင်းနှင့် ရော်ဘာပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရော်ဘာစိုက်ခင်း

ဆက်လက်၍ မောင်တော-ကျီးကန်းပြင် ကားလမ်းနံဘေး နွားရုံတောင်ကျေးရွာအနီးရှိ မောင်တောမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က စိုက်ပျိုးထားသည့် ရော်ဘာ စိုက်ခင်းအတွင်း ပဲစင်းငုံများသီးညှပ် စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မောင်တောမြို့အမှတ်(၆) ရပ်ကွက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ရော်ဘာပျိုးခင်းသို့ရောက်ရှိကြပြီး ရော်ဘာအဖူးကူးပျိုးပင် ၁၀၀၀နှင့် ရော်ဘာပျိုးပင်(အစေ့မျိုး) ၁၂၂၅၀ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရခိုင်ပြည်နယ်၌ ရော်ဘာဧကတစ်သိန်းစိုက်ပျိုးရန် ရည်မှန်းချက်ထားရှိရာ ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်၍ ကာလတိုသုံးနှစ်အတွင်းရော်ဘာဧကသုံးသောင်းစိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရခိုင်ပြည်နယ်အတွင်း၌ ရော်ဘာ ၈၂၁၈ဧက စိုက်ပျိုးပြီးဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကို ကူညီသည့်အနေဖြင့် မြို့နယ် ၁၁မြို့နယ်ရှိ ပျိုးဥယျာဉ်များ၌ ရော်ဘာမျိုးစေ့ ၃၀၅၀၀၀ကို ပျိုးထောင်ထားရှိပြီးဖြစ်သည်။ မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် ရော်ဘာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ကိုးမြို့နယ်ရှိ ပျိုးဥယျာဉ်များ၌ ရော်ဘာမျိုးစေ့ ၉၆၀၀၀၀ပျိုးထောင်ထားရှိပြီး မျိုးကိုင်းများရရှိရေးအတွက် မျိုးကိုင်းပွားခင်းခုနစ်ခုကိုလည်း တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

စိုက်ခင်းကြည့်ရှု

ဆက်လက်၍ မေယုကြိုးဝိုင်းအတွင်း၌ မောင်တောမြို့ သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် ငရုတ်ကောင်းဧက ၁၀၀စိုက်ခင်းသို့ရောက်ရှိကြပြီး ငရုတ်ကောင်းပင်များစိုက်ပျိုးထားရှိမှု အခြေအနေကို လည်းကောင်း၊ သစ်တောဦးစီးဌာနပျိုးဥယျာဉ်အတွင်း ငရုတ်ကောင်းနှင့် နှစ်ရှည်ပင်များပျိုးထောင် စိုက်ပျိုးထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဘူးသီးတောင်-မောင်တောကားလမ်းမိုင်တိုင်အမှတ်(၇/၇)ရှိ လိုဏ်ဂူသို့ရောက်ရှိကြပြီး လိုဏ်ဂူနံရံအတွင်း မိုးရေစိမ့်ယိုမှုနှင့် အက်ကြောင်းများဖြစ်ပေါ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကလိုဏ်ဂူနံရံအတွင်း မိုးရေစိမ့်ယိုမှုနှင့် ပြုပြင်ထိန်းသိမ်းမည့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက် ထားရှိမှုလုပ်ငန်းများ၊ ရောင်ကွင်းလမ်းပြုလုပ်ရန်အတွက် လမ်းအူကြောင်းရှာဖွေထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားညွှန်ကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ လိုဏ်ဂူကြီးသည် ဘူးသီးတောင်မှ(၇/၆)မိုင်နှင့် (၇/၇)မိုင်ကြား၌ တည်ရှိပြီး ၁၉၁၈ခုနှစ်တွင် အေစီမာတင်ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တာဝန်ယူဆောင်ရွက်မည်

လိုဏ်ဂူကြီးမှာ အရှည် ၆၅၈ပေ၊ အကျယ် ၁၅ပေ ခြောက်လက်မ၊ အမြင့် ၁၀ပေခြောက်လက်မ၊ ယာဉ်သွားလမ်း အကျယ် ၁၀ပေရှိပြီး ပင်လယ်ရေမျက်နှာပြင်မှ ၂၉၈ ဒသမ ၄၂ပေ အမြင့်တွင် အုတ်ချပ်များဖြင့် ပေါင်းကူးပုံသဏ္ဌာန်သုံးပေအထူတည်ဆောက်ထားခြင်းဖြစ်သည်။ ပြုပြင်ထိန်းသိမ်းမည့်လုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် မောင်တောခရိုင် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

အထက(၂)ဗိုလ်တထောင် မြတ်ဆရာပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၇

အထက(၂)ဗိုလ်တထောင်(စိန့်ဖိလစ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် ဩဝါဒခံယူပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ယင်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူက ဩဝါဒ စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ကနဦးမတည်အလှူငွေများကို ပူဇော်ပွဲဖြစ်မြောက်ရေးနာယက ဆရာ၊ ဆရာမကြီးများထံ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းခန်းမ၌ ပူဇော်ကန်တော့ကြရန် ဆုံးဖြတ်ကြသည်။

ကန်တော့ခံအငြိမ်းစား ဆရာ၊ဆရာမကြီးများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်အေးမူ ဖုန်း-၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ် ဖုန်း-၂၉၁၅၂၃၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း-၅၁၀၅၉၈ တို့ထံ ဆက်သွယ်အကြောင်းကြားပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် ဦးမျိုးမြင့် ဖုန်း-၀၉၅၁-၃၂၇၇၇၊ ဦးသီဟန် ဖုန်း-၀၉၅၀-၀၅၉၂၁၊ ဦးအောင်ချိုဦး ဖုန်း-၀၉၅၁-၂၆၀၂၄၊ ဦးစန်းဝေ ဖုန်း-၀၉၉၉-၂၃၅၀၃၊ ဦးကျော်လွင်ဦး ဖုန်း-၀၉၈၀-၃၀၉၆၂၊ ဒေါ်သီသီလွင် ဖုန်း-၀၉၈၀-၂၁၉၅၆၊ ဒေါ်နီနီယဉ် ဖုန်း-၀၉၅၁-၃၃၉၈၅၊ ဒေါ်သန်းသန်းဌေး ဖုန်း-၅၆၀၇၆၀၊ ဒေါ်မိမိမောင် ဖုန်း-၀၉၅၁-၃၀၉၂၀တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

မွန်ပြည်နယ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အခြေခံပညာအဆင့်) ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက်က မော်လမြိုင်မြို့ အထက(၈) ယင်းမာခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (ပညာရေး)



မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ ရှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅	၈။ မျိုးချစ်တပ်မတော်
၅း၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -"Total Debtors Account and Total Creditors Account. (ပထမနှစ်-စီးပွားရေးပညာ)**
၅း၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၅	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၁၆)**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့မြဝတီ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " တရားရှင်" (အပိုင်း-၁၂)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

မင်္ဂလာတောင်ညွန့် မြို့နယ် သိမ်ဖြူလမ်း ကန်တော်ကလေးရှိ သီလရှင်များ ဘိုးဘွားရိပ်သာသို့ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း) မိသားစုတို့က ကွယ်လွန်သူဖခင်ကြီး ဦးဌေးလွင်အားရည်စူး၍ စက်တင်ဘာ ၇ ရက်တွင် အလှူငွေကျပ်ငါးသိန်းကို ဘိုးဘွားရိပ်သာ ဂေဟာမှူးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU) တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့် ဗဟုသုတ တိုးပွားရေးနှင့် "အာရှမူပိုင်ခွင့်လက်စွဲ"စာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ ဂျပန်နိုင်ငံ အာရှပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU) ညွှန်ကြားရေးမှူးချုပ် Mr. Nakanishi Koji၊ ယဉ်ကျေးမှုရေးရာ အေဂျင်စီ ဂျပန်မူပိုင်ခွင့်ရုံး နိုင်ငံတကာရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Tanaka Kentaro၊ ACCU မှ အရာရှိကြီးများ၊ စာတမ်းရှင်များ၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးကြမည့်သူများနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မူပိုင်ခွင့် ဗဟုသုတတိုးပွားရေးနှင့် အာရှမူပိုင်ခွင့် လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကစပြီး သုံးရက်တာကျင်းပမည့် မူပိုင်ခွင့်ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကို နိုင်ငံတကာက စာတမ်းရှင်များနှင့် မြန်မာစာတမ်းရှင်များက ဘာသာရပ်ဆိုင်ရာစာတမ်းများ ဖတ်ကြားကြမည်ဖြစ်ရာ တက်ရောက်သူများက ပါဝင်ဆွေးနွေးပြီး အာရှမူပိုင်ခွင့်အတွက် မူကြမ်းတင်ပြထားသည့် ဗဟုသုတလက်စွဲစာအုပ်ငယ်တွင် ပါဝင်သင့်သောအချက်များကို အကြံပြုကြရန်ဖြစ်ကြောင်း၊ မြန်မာစာပေအနုပညာရှင်များ အကျိုးအတွက် လက်စွဲစာအုပ်ငယ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေပြီး ဖြန့်ချိပေးကြရန်အထိ ရည်ရွယ်ထားကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာပညာရှင်များ ပါဝင်ပြီး မူပိုင်ခွင့်ဗဟုသုတ အတွေ့အကြုံကို ဆွေးနွေးစုဆောင်းကြရန်ကိစ္စကို ဂျပန်နိုင်ငံ၊ အာရှနှင့် ပစိဖိတ်ဒေသ ယဉ်ကျေးမှုဆိုင်ရာ ဗဟိုဌာန၏ အကူအညီဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်းတာဝန်ယူပြီး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပကြမှာဖြစ်ကြောင်း။

အေစီစီယူ (ACCU) ဟု အတိုကောက်ခေါ်သည့် ဂျပန်နိုင်ငံက အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံနှင့် ၁၉၇၃ခုနှစ်ကစပြီး စာပေကိစ္စများမှာ အဆက်အဆံရှိခဲ့သော ယူနက်စကိုဆိုင်ရာ အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် စာပေထုတ်လုပ်မှု နည်းပညာဆိုင်ရာကိစ္စများအတွက် အဆက်အဆံရှိခဲ့ရာတွင် စာအုပ်ထုတ်ဝေရေးသင်တန်းများ၊ စာအုပ်ထုတ်ဝေရေး ပူးတွဲအစီအစဉ်များရှိခဲ့သကဲ့သို့ မြန်မာစာပေနှင့် ယဉ်ကျေးမှု သတင်းဖြန့်ချိရေးလုပ်ငန်းတွင်လည်း ယနေ့တိုင် စဉ်ဆက်မပြတ် ကူညီနေသည်ကို တွေ့ရကြောင်း၊ ဂျပန်နိုင်ငံ ယူနက်စကိုအဖွဲ့၏ အေစီစီယူ အဖွဲ့အစည်းသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် လုပ်ငန်းအဆက်အစပ်ရှိသည့်အပြင် ပညာရေးဝန်ကြီးဌာန၏ စာပေတတ်မြောက်ရေးနှင့် စာတတ်စများအတွက် ဖတ်စာများ၊ သင်ကြားမှုအထောက်အကူပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းမှာ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ဦးစီးဌာနနှင့် တက်ကြွစွာ ပါဝင်ကူညီနေခဲ့သည့်အကြောင်းကိုလည်း သိရှိရကြောင်း။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဂျပန်နိုင်ငံ မူပိုင်ခွင့်အေဂျင်စီက စတင်ရေးသားပြုစုသည့် အာရှမူပိုင်ခွင့် လက်စွဲစာအုပ်ကို သုံးသပ်ပြီး မြန်မာတို့အတွက် မြန်မာ့အခြေအနေနှင့်ကိုက်ညီပြီး နောက်ခံဗဟုသုတပေးနိုင်သော မူပိုင်ခွင့်လက်စွဲစာအုပ်တစ်အုပ်ကို ထုတ်ဝေဖြန့်ချိနိုင်အောင် ဆွေးနွေးကြရန်နှင့် ယင်းစာအုပ်အတွက် လိုအပ်သည့် ဗဟုသုတအချက်အလက်များကို ခေတ်မီစွာ ဖြည့်စွက်ထည့်သွင်းနိုင်အောင် ညှိနှိုင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ကိုလိုနီစနစ်လက်အောက်မှာပင် ၁၉၁၁ခုနှစ် ဗြိတိသျှမူပိုင်ခွင့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးခဲ့ရသည့် မူပိုင်ဥပဒေတစ်ရပ်ကို ကျင့်သုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးသည့်နောက် ၎င်းဥပဒေကိုပင် အပြောင်းအလဲ အသုံးအနှုန်း ဆီလျော်အောင်ပြင်ဆင်ပြီး သုံးစွဲခဲ့သည်ကို တွေ့ရကြောင်း။

ရေးဆွဲကျင့်သုံးရမည်

၁၉၉၅ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှု အဖွဲ့အစည်းဝင် နိုင်ငံဖြစ်လာခဲ့ပြီး ကမ္ဘာ့ကုန်သွယ်မှုလုပ်ငန်းတွင် နိုင်ငံတကာနှင့်တန်းတူ စီးပွားကုန်သွယ်မှုပြုနေသည်ဖြစ်၍ စာပေအနုပညာသာမက ကုန်သွယ်မှုတန်ဖိုးများ၊ ပို့ကုန်သွင်းကုန်များ၊ အကောက်အခွန်များဆိုင်ရာ စည်းကြပ်ကျင့်သုံးမှုများ လိုလာသည့်အတွက် ကုန်သွယ်မှုနှင့်စပ်လျဉ်းသော အသိဉာဏ် ပစ္စည်းများဆိုင်ရာ သဘောတူညီချက်ဖြစ်သည့် TRIPs ဆိုသော စာချုပ်တွင်လည်း ပါဝင်ဆောင်ရွက်ရန် ဖြစ်လာကြောင်း၊ ယခုကဲ့သို့ ကျယ်ဝန်းလာသည့်လုပ်ငန်းမှာ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က မူပိုင်ခွင့် ဗဟုသုတတိုးပွားရေးနှင့် အာရှမူပိုင်ခွင့် လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ရှိလာသည့်အတွက် မြန်မာနိုင်ငံ၏ အသိဉာဏ်ပစ္စည်းများဆိုင်ရာ မူပိုင်ခွင့်ဥပဒေပြုမှုဖြစ်သည့် (Intellectual Property Legislation)ကို ရေးဆွဲချမှတ်ကျင့်သုံးရတော့မှာ ဖြစ်ကြောင်း။

ထို့ကြောင့် မကြာခင်မှာ မြန်မာတို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်အပါအဝင် ကုန်သွယ်မှုအမှတ်တံဆိပ်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် ဒီဇိုင်းဥပဒေတို့ ပေါ်ထွက်လာတော့မှာဖြစ်ကြောင်း။

ခေတ်မီစွာ ကျင့်သုံးဆောင်ရွက်ရမည့် ၎င်းဥပဒေများမှာ တီထွင်မှုကိစ္စ၊ ရေးသားတီထွင်သူအား အသိအမှတ်ပြုမှုကိစ္စ၊ အားထုတ်လုံ့လနှင့်အညီ အကျိုးကျေးဇူးခံစားရစေမှုကိစ္စတို့နှင့် တစ်ဆက်တည်းမှာ အမျိုးသားအကျိုးစီးပွားနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားဖို့ကိစ္စမှာ ပါဝင်ပတ်သက်နေသည့် အနုပညာရှင်များ၊ စီးပွားကုန်သွယ်သူများ၊ စားသုံးသူပရိသတ်များ၏ ဗဟုသုတကြွယ်ဝမှုပါ လိုအပ်သည်ကိုလည်း ပြောလိုကြောင်း။

၎င်းကိစ္စအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် အေစီစီယူ အဖွဲ့တို့က ပူးတွဲညှိနှိုင်းစီစဉ်ထားပြီး ယနေ့ပါဝင်ဆွေးနွေးဖို့ ဖိတ်ကြားထားသည့် ဧည့်သည်များထဲတွင် အသိပညာရှင် အတတ်ပညာရှင်များ၊ အနုပညာဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းနှင့် နီးနွယ်နေသည့် ဌာနအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ထုတ်ဝေသူများ၊ စာရေးဆရာများ၊ စာတည်းများပါဝင်သည်ကိုသိရှိရကြောင်း။

ယခုကဲ့သို့ စုစည်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာတို့ရှုထောင့်က မြန်မာနိုင်ငံမှ စာပေအနုပညာရှင်များအားလုံး သိရှိထိုက်သော အချက်အလက်များ အပြင် နိုင်ငံတကာ၏ အသိဉာဏ်ပစ္စည်းများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အခြေခံအချက်များနှင့် ဆီလျော်ညီညွတ်မည့် အချက်အလက်များကို ရရှိနိုင်အောင် ဖြည့်စွက်ဆွေးနွေးနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ ပြန်ကြားရေးဝန်ကြီးဌာနသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် ထွန်းကားခိုင်မြဲရေးနှင့် စပ်ဆိုင်သည့် မြန်မာနိုင်ငံ၏ စာပေ၊ ရုပ်ရှင်နှင့် ဂီတစသော အနုပညာအဖွဲ့အစည်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးရန် ဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနဖြစ်ကြောင်း။

ယနေ့ကစပြီးကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသည် အသိဉာဏ်လက်ရာပစ္စည်းများဖန်တီးမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် ကြွယ်ဝပွားများစေမှုမှာ စည်းကမ်းလုပ်ထုံးများနှင့်အတူ နိုင်ငံတကာနှင့် တန်းတူညီညွတ်စွာ ဆက်စပ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမျိုးသားရေး အကျိုးစီးပွားဖြစ်ထွန်းရန် ပေးဝေနိုင်မည့် အခြေခံလုပ်ငန်းတစ်ရပ်အဖြစ်လည်း အောင်မြင်ပါစေကြောင်းဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာရှပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန (ACCU) ညွှန်ကြားရေးမှူးချုပ် Mr. Nakanishi Koji၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ယဉ်ကျေးမှုရေးရာ အေဂျင်စီ ဂျပန်မူပိုင်ခွင့်ရုံး နိုင်ငံတကာရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Tanaka Kentaro တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် စတင်ကျင်းပရာ ဂျပန်နိုင်ငံ အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှုဗဟိုဌာန(ACCU)မှ ညွှန်ကြားရေးမှူး Ms. Ohnuki Misako က ACCU ၏ ဆောင်ရွက်နေသောလုပ်ငန်းများ စာတမ်းကိုလည်းကောင်း၊ ယူနက်စကို မူပိုင်ခွင့်ဆိုင်ရာရုံးမှ ဥပဒေအကြံပေး Ms. Pecha Totcharova ကိုယ်စား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ဦးမျိုးသန့်(မောင်ဆုရှင်)က ယူနက်စကို၏ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ စာတမ်းကိုလည်းကောင်း၊ ဩစတြေးလျနိုင်ငံ Copyright Agency Limited မှ General Manager Ms. Caroline Morgan က ဖန်တီးသူများအတွက် မူပိုင်ခွင့်နှင့် အာရှနိုင်ငံများရှိ မူပိုင်ခွင့်များအကြောင်း သိရှိနားလည်စေရေးနှင့် အာရှမူပိုင်ခွင့် လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ပြုစုရေးနှင့် အသုံးချရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ စာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံ၏ မူပိုင်ခွင့်သမိုင်းစာတမ်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Intellectual Property Management Section, Shogakukan Publishing Inc. မှ ညွှန်ကြားရေးမှူး Mr. Daiki Tetsuro က မိတ်ဆွေလား၊ ရန်သူလား၊ လက်ရာရှင်နှင့် ထုတ်ဝေသူတို့၏

အာရှနှင့်ပစိဖိတ်ဒေသ ယဉ်ကျေးမှု ဗဟိုဌာန (ACCU) ညွှန်ကြားရေးမှူးချုပ် Mr. Nakanishi Koji က မူပိုင်ခွင့် ဗဟုသုတ တိုးပွားရေးနှင့် အာရှမူပိုင်ခွင့်လက်စွဲစာအုပ်ကို မြန်မာဘာသာဖြင့် ထုတ်ဝေအသုံးပြုရေး အတွက် အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆက်ဆံရေးအခြေအနေ စာတမ်းကိုလည်းကောင်း၊ Myanmar Book Centre Co., Ltd. မှ ဥပဒေအကြံပေးပုဂ္ဂိုလ် ဦးကျော်ဇောနိုင်က မြန်မာနိုင်ငံ မူပိုင်ခွင့် အခြေအနေစာတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့အစီအစဉ်ကို ရပ်နားသည်။ ညပိုင်းတွင် ACCU ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ကုန်သည်ကြီးများဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

အောင်ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်ဓမ္မရိပ်သာ ကျောင်းတိုက်တွင် စက်တင်ဘာ ၂၂ရက်မှ စက်တင်ဘာ၂၈ရက်အထိ အောင်စေတီ ဆရာတော်က သစ္စာဉာဏ်မြင် ဝိပဿနာအလုပ်ပေးတရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်ယောဂီများ သန်လျင်မြို့နယ် အောင်ဓမ္မရိပ်သာ ကျောင်းတိုက်သို့ စက်တင်ဘာ ၂၁ ရက် အရောက်လာကြရမည်ဖြစ်သည်။

(က-ပ)

ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် (၅၅)လမ်းထောင့် ပုဇွန်တောင်မြို့နယ်နေ ဦးစိုးဝင်း-ဒေါ်သန်းသန်းလှိုင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၅ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် "အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ" အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် အချက်အပြုတ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေးနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ခရိုင်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် မြို့နယ်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေး အသင်း အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် အာဟာရအချက်အပြုတ် ပြိုင်ပွဲတွင် ပထမဆုရရှိသော ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော တောင်ဥက္ကလာပမြို့နယ်အသင်းနှင့် တတိယဆုရရှိသော ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်အသင်းများကို ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် အာဟာရ ချက်ပြုတ်နည်းသင်တန်းကို စက်တင်ဘာ ၆ရက်တွင် ပို့ချခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ကိုယ်ဝန်ဆောင် မိခင်များအတွက် အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသောက်နိုင်ရေးအတွက် အချက်အပြုတ်ပြိုင်ပွဲဝင်အသင်း သုံးသင်း၏ ယှဉ်ပြိုင်ချက်ပြုတ်နေမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့က ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၅ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်လှုပ်ရှားမှု အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၂၀၀၅ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်လှုပ်ရှားမှု အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အာဟာရအချက်အပြုတ်ပြိုင်ပွဲတွင် ဆုရရှိသောမြို့နယ်များအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ဩဂုတ် ၂၇ ရက်က ပြုလုပ်သည့် Shwe Super Light Co., မှ ထုတ်လုပ်သော စူပါကွေကာအုတ် ရောင်းအား အကောင်းဆုံး ကုန်သည်များအား ဆုချီးမြှင့်ပွဲတွင် ရောင်းအား အကောင်းဆုံး ဒုတိယဆုရ TZA ဆိုင်မှ ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

အနောက်တောင် မုတ်သုံလေ

ရန်ကုန် စက်တင်ဘာ ၇

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာ့စံတော်ချိန် ၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလာပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ပုဂံခေတ်နောက်ခံ မြန်မာဇာတ်ကားသစ်ရုံတင်မည်

ရုပ်ရှင်

ရန်ကုန် စက်တင်ဘာ ၇

ယခုသောကြာပတ် စက်တင်ဘာ ၉ ရက်တွင် **"ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ"** အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံဝင်လာမည်။

မဟာထွန်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးအောင်ကြိုင် (ရှေးဟောင်းသုတေသန ဦးစီးဌာန)၏ ဝတ္ထုကို အကယ်ဒမီ ခင်လေးသိမ့်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးသည့် **"ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ"** ဇာတ်ကားမှာ အရိမဒ္ဒနပူရခေါ် ပုဂံနေပြည်တော်တွင် အရည်းကြီးတို့၏ ကျင့်စဉ်အယူဝါဒများ လွှမ်းမိုးစဉ်က ရိုးသားသော ပြည်သူများအပေါ် လွှမ်းမိုးခြယ်လှယ်နေမှု၊ မင်းမြတ်နော်ရထာနှင့် ရှင်အရဟံ မထေရ်မြတ်တို့၏ ကြိုးပမ်းမှုကြောင့် အရည်းကြီးတို့၏ မှားယွင်းသောအယူဝါဒ ပျောက်ကွယ်ကာ ဗုဒ္ဓဘာသာ ထွန်းကားလာပုံကို ဇာတ်လမ်းကျောရိုးပြု ရိုက်ကူးထားသော ပုဂံခေတ် နောက်ခံသမိုင်းဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် အကယ်ဒမီလူမင်း၊ အကယ်ဒမီ ကျော်သူ၊ အကယ်ဒမီရဲအောင်၊ အကယ်ဒမီ နေအောင်၊ ဖြိုးငွေစိုး၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီခင်သီတာထွန်းနှင့် စည်သူမောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ရွှေဆောင် အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသလျက်ရှိသည့် ချစ်ခြင်းဖွဲ့မေတ္တာဇာတ်ကားမှ ဒွေးနှင့် ဆုပန်ထွာတို့၏ သရုပ်ဆောင်မှု။

လာမည့် သောကြာနေ့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ရုံဝင်လာမည့် ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ မြန်မာဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခုကိုတွေ့ရစဉ်။

ရွှေဆောင်ရုပ်ရှင်ရုံတွင် ပြသဆဲ မြန်မာဇာတ်ကား တစ်ကားဖြစ်သည့် **"ချစ်ခြင်းဖွဲ့မေတ္တာ"** ဇာတ်ကား ဆက်လက် ပြသနေသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Peter Chelson ရိုက်ကူးပြီး Richard Gere နှင့် Jennifer Lopez တို့ ခေါင်းဆောင်ပါဝင်ထားကြသည့် Shall We Dance ဇာတ်ကား ဆက်လက်ပြသနေသည်။

(ကြေးမုံ)

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နိုင်ငံတော်အစိုးရက လမ်းများ ကွန်ရက်သဖွယ် တိုးချဲ့ဖောက်လုပ်လျက်ရှိ

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့အား တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဆတ်သေကျေးရွာမှ ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများ တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် စက်တင်ဘာ ၅ ရက်နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီတွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
- * **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- * **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- * **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- * **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- * **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- * **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- * **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
- * **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- * **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**



ရန်ကုန် စက်တင်ဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ညနေ ၃ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်တွေလေဆိပ်သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရောက်ရှိ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် "မေခ" အမြန်ရေယာဉ်ဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ယင်းမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မောင်တောခရိုင် မောင်တောမြို့သို့ ရောက်ရှိညအိပ်ရပ်နားကြသည်။**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မောင်တောမြို့နယ် သစ်တောဦးစီးဌာနက စိုက်ပျိုးထားသည့် ရေတက်ကောင်းပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)